မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၄၇ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက် ( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

**ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးတူးမော် ကို ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

**ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ**

ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့်သက်ဆိုင်သော ဘဏ္ဍာငွေရရှိမှုအရင်းအမြစ်များနှင့်ထုတ်ယူသုံးစွဲမှုကိစ္စများအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ဤဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်သည့်နေ့နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို **ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်စေရမည်။

၃။ ဤလုပ်ထုံးလုပ်နည်းသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ တာဝန်ယူဆောင်ရွက်ရမည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် သက်ဆိုင်စေရမည်။

၄။ ဤလုပ်ထုံးလုပ်နည်းတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄၊ ပုဒ်မခွဲ (က) ဇယား ၅ ပါ အခွန်အခများနှင့် ပြည်ထောင်စုမှ ခွဲဝေပေးသည့်ရငွေများမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်အရရရှိသည့်ရငွေများ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရထံ ပြည်တွင်းရှိ ပုဂ္ဂလိကအဖွဲ့အစည်းများက လှူဒါန်းငွေနှင့် ထည့်ဝင်ငွေများ၊ ယခင်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကို အဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံထားသည့် ထည့်ဝင်ငွေများနှင့်ပြန်လည်ရရှိလာသည့် အရင်း၊ အတိုးရငွေများကို ဆိုသည်။

(ခ) **ဒေသဖွံ့ဖြိုးရေးလုပ်ငန်း**ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းနှင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲသည့် လုပ်ငန်းများတွင်မပါဝင်သော ဒေသဖွံ့ဖြိုးရေးအတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(ဂ) **ကော်မတီ**ဆိုသည်မှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေလျာထားခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖွဲ့စည်းသော ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီကို ဆိုသည်။

(ဃ) **ဒေသဖွံ့ဖြိုးရေးရန်ပုံငွေလျာထားချက်**ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) အတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင်လည်းကောင်း ဒေသဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းမှ ပြန်လည်သုံးစွဲမည့်ငွေအား အရ၊ အသုံး လျာထားခွင့်ပြုပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က အဆိုပြုသည့် ရန်ပုံငွေလျာထားချက်ကို ဆိုသည်။

(င) **စာရင်းစစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိ၊ ထုတ်ပြန်ထားသည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှု ရှိ မရှိ၊ ရည်မှန်းချက်အတိုင်း လုပ်ငန်းများအကောင်အထည်ဖော်နိုင်ခြင်း ရှိ မရှိနှင့် စာရင်းဇယားများကို စစ်ဆေးရန် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သည့်အဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကိုစီမံခန့်ခွဲရန် ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) အတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုစုပေါင်းအဖွဲ့ဝင် **ငါးဦးမှ ခုနစ်ဦးအထိ** ပါဝင်သည့်ကော်မတီကို ဖွဲ့စည်းရမည်။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို စီမံခန့်ခွဲရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးကအဖွဲ့ဝင်အဖြစ် လည်းကောင်း ပါဝင်သော စုစုပေါင်းအဖွဲ့ဝင် **ငါးဦးမှ ခုနစ်ဦးအထိ** ပါဝင်သည့် ကော်မတီကို ဖွဲ့စည်းရမည်။

၇။ ကော်မတီသည် ကော်မတီအဖွဲ့ဝင်များအနက်မှ သင့်လျော်သူတို့ကို ဘဏ္ဍာရေးမှူးနှင့် အတွင်းရေးမှူး အဖြစ် ရွေးချယ်တာဝန်ပေးရမည်။

၈။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို ဤလုပ်ထုံးလုပ်နည်းနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်ရမည်၊

(ခ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ထားရှိရမည်၊

(ဂ) ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သုံးစွဲမည့်ကိစ္စရပ်များအတွက် လုပ်ငန်းစီမံချက်များ ရေးဆွဲထားရှိရမည်၊

(ဃ) ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) အတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ သုံးစွဲမည့် အသုံးစရိတ်များကို သုံးစွဲမည့်ဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ထည့်သွင်းလျာထားရေးဆွဲနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ထည့်သွင်းလျာထားရေးဆွဲနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် လည်းကောင်း ညှိနှိုင်းဆောင်ရွက်ရမည်၊

(င) အဆိုပြုတင်ပြလာသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်မထပ်စေရန် စိစစ်ရမည်၊

(စ) အကောင်အထည်ဖော်ပြီးစီးသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အသုံးစရိတ်ပြန်လည် တောင်းခံခြင်းမျိုး မဖြစ်စေရန် ကြပ်မတ်ရမည်။

၉။ ကော်မတီသည် မိမိ၏ရုံးလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် ကော်မတီအတွင်းရေးမှူးဦးဆောင်သည့် ရုံးအဖွဲ့ကို သင့်လျော်သူများဖြင့် ဖွဲ့စည်းထားရှိရမည်။

## အခန်း (၃)
## ရန်ပုံငွေစာရင်းထားရှိခြင်း

၁၀။ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကို ဒေသဖွံ့ဖြိုးရေးရန်ပုံငွေစာရင်း အခြားစာရင်းရှင် (Other Account-OA) တွင် ရငွေအဖြစ် ရေးသွင်းရမည်။

၁၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ရုံး တို့၏ စစ်ဆေးတွေ့ရှိချက်များအရ ပြန်လည်ပေးသွင်းရမည့်ငွေများအနက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းသို့ ပေးသွင်းရန်ကျန်ရှိသည့် ရန်ပုံငွေများနှင့် ထပ်မံရရှိလာမည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကို ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူ၍ **ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ** အမည်ဖြင့် **ပြည်ထောင်စု**

**ဘဏ္ဍာရန်ပုံငွေ အခြားစာရင်းရှင် (Union Fund Account UFA-OA)** သို့မဟုတ် **တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ အခြားစာရင်းရှင် (Regional Fund Account RFA-OA)** သို့မဟုတ် **ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အခြားစာရင်းရှင် (State Fund Account SFA-OA)** စာရင်းဖွင့်လှစ်ထားရှိရမည်။

## အခန်း (၄)

## ဒေသဖွံ့ဖြိုးရေးရန်ပုံငွေလျာထားခွင့်ပြုခြင်းနှင့် သုံးစွဲခြင်း

### ရန်ပုံငွေလျာထားခွင့်ပြုခြင်း

၁၂။ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေခေါင်းစဉ်ဖြင့်ပေးသွင်းထားသည့် ရန်ပုံငွေအားတောင်းခံရာတွင် တောင်းခံသည့် ငွေပမာဏကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) အတွက် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင်လည်းကောင်း အရ၊ အသုံးထည့်သွင်းရေးဆွဲရမည်။ ယင်းသို့ထည့်သွင်းရေးဆွဲရာတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ)အတွက် အထူးကိစ္စအတွက် ထောက်ပံ့ငွေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ပြည်ထောင်စုမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ လိုငွေအတွက် ဖြည့်ဆည်းပေးသည့်ငွေ၊ အထူးကိစ္စအတွက် ထောက်ပံ့သည့်ငွေ၊ အခွန်ဝေစုတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၃။ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် မူလခွင့်ပြုငွေပမာဏထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက ထပ်မံလိုငွေကို ဖြည့်စွက်ခွင့်ပြုငွေအဖြစ်တင်ပြတောင်းခံ၍ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် အရ၊ အသုံးထည့်သွင်းလျာထား ရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း တင်ပြပြီးချိန်နောက်ပိုင်းမှ ထပ်မံသုံးစွဲလိုသည့်ကိစ္စရပ်များအတွက် လာမည့်ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရမည်။

၁၄။ ကော်မတီသည် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သုံးစွဲမည့်လုပ်ငန်းများကို ကြိုတင်စာရင်းပြုစုထားရှိ၍ သာမန်စာရင်းအတွက် **ပုံစံ (၁)** ဖြင့်လည်းကောင်း၊ ငွေလုံးငွေရင်းစာရင်းအတွက် **ပုံစံ (၂)** ဖြင့်လည်းကောင်း ပြုစုပြီး ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံသို့ တင်ပြရမည်။

### ရန်ပုံငွေသုံးစွဲခြင်း

၁၅။ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကိုသုံးစွဲရာတွင် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုအစိုးရစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့က ထုတ်ပြန်ထားသည့်ဘဏ္ဍာရေးစည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရမည်။ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကို ထုတ်ချေးခြင်းမပြုရ။

၁၆။ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကို အောက်ပါကိစ္စရပ်များအတွက် သုံးစွဲနိုင်သည် -

(က) ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊

(ခ) ကိုယ်ပိုင်ရန်ပုံငွေဖြင့် ရပ်တည်သောလူမှုရေးအဖွဲ့အစည်းများမှအပ ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုစေမည့် ကိစ္စရပ်များတွင် လှူဒါန်းထောက်ပံ့ခြင်းများ။

၁၇။ ကော်မတီသည် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လျာထားချက်အတွင်း လုပ်ငန်းပြောင်းလဲဆောင်ရွက်လိုပါက ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ) အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့်လည်းကောင်း ဆောင်ရွက်နိုင်သည်။

၁၈။ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လျာထားသည့် အသုံးစရိတ်မှပိုလျှံရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ အထွေထွေပိုလျှံရန်ပုံငွေသို့ ပြန်လည်အပ်နှံရမည်။

## အခန်း (၅)
## စာရင်းပြုစုထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် အစီရင်ခံတင်ပြခြင်း

### နှစ်ချုပ်စာရင်းရေးဆွဲခြင်း

၁၉။ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်သော လုပ်ငန်းများ၏ အသုံးစရိတ်များအတွက် နှစ်ချုပ်စာရင်း ရေးဆွဲရာတွင် "အများလက်ခံကျင့်သုံးနေသောစာရင်းကိုင်မူများ" (Generally Accepted Accounting Principles-GAAP) နှင့်အညီ ရေးဆွဲရမည်။

### စာရင်းပြုစုထိန်းသိမ်းခြင်း

၂၀။ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်ဖက်သွင်းစာရင်းထားနည်းဖြင့် အောက်ဖော်ပြပါ စာရင်းပုံစံများတွင် ရေးသွင်းထားရှိရမည် -

(က) ရငွေ ပေးငွေစာရင်း ပုံစံ (၃)

(ခ) ဘဏ်စာရင်းနှင့် ငွေစာရင်းကိုက်ညှိရှင်းတမ်း ပုံစံ (၄)

(ဂ) ငွေရပြေစာ စာအုပ်မှတ်ပုံတင်စာရင်း ပုံစံ (၅)

(ဃ) ချက်လက်မှတ်စာအုပ်များမှတ်ပုံတင်စာရင်း ပုံစံ (၆)

(င) ကြိုတင်ထုတ်ပေးငွေစာရင်း ပုံစံ (၇)

(စ) ကြိုတင်ထုတ်ပေးငွေအသုံးစရိတ်ရှင်းတမ်း ပုံစံ (၈)

(ဆ) ကြိုတင်ရငွေစာရင်း ပုံစံ (၉)

(ဇ) ပေးရန်ရှိစာရင်း ပုံစံ (၁၀)

(ဈ) ရရန်ရှိစာရင်း ပုံစံ (၁၁)

(ည) ပုံသေပိုင်ပစ္စည်းမှတ်တမ်း ပုံစံ (၁၂)

(ဋ) ဝင်ငွေနှင့်အသုံးစရိတ်စာရင်း ပုံစံ (၁၃)

(ဌ) လက်ကျန်ရှင်းတမ်း ပုံစံ (၁၄)

### စာရင်းရေးသွင်းခြင်း

၂၁။ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေစာရင်း အခြားစာရင်းရှင် (Other Account-OA) မှ ထုတ်ယူ၍ သက်ဆိုင်ရာ ဌာနဆိုင်ရာ ငွေထုတ်စာရင်း၌ အရ၊ အသုံးစာရင်းတင်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) (Other Account-OA) မှ ငွေထုတ်ယူမှုကို ကော်မတီ၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်၊

(ခ) (Other Account-OA) မှ ငွေထုတ်ယူပြီးသည့်ပမာဏကို ဦးစီးဌာနများ၏ အခြေခံစာရင်းပြု ဌာနများအတွက် ငွေစာရင်းထိန်းသိမ်းရေး နည်းလမ်းညွှန်ကြားချက် အပိုဒ် ၁၃ ပါအတိုင်း အသုံး စရိတ်အတွက် ငွေတောင်းခံလွှာပြုပြင်၍ မိမိ၏ငွေထုတ်စာရင်းတွင် သုံးငွေစာရင်းတင်သွင်းရမည်၊

(ဂ) ၎င်းငွေတောင်းခံလွှာပေါ် မူတည်ပြီး ချက်လက်မှတ်တစ်စောင်ကို ဌာနဆိုင်ရာအရာရှိ၏ရာထူးဖြင့် ရေးသားလျက် ချက်လက်မှတ်၏ကျောဘက်တွင် Received Payment by Transfer Credit to Account No. MD ဟုဖော်ပြကာ ငွေပေးသွင်းလွှာ (Pay In Slip) တစ်စောင်ဖြင့် မိမိ၏ငွေထုတ် စာရင်းတွင် ရငွေစာရင်းတင်သွင်းရမည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |

(ပ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဏ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စားသုံးသူရေးရာဌာနခွဲ
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ထ) ပါမောက္ခဒေါက်တာအောင်မြင့် — အဖွဲ့ဝင်
စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကျွမ်းကျင်သူ

(ဒ) ဒေါ်သန်းမြင့်အောင် — အဖွဲ့ဝင်
လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာပုဂ္ဂိုလ်

(ဓ) ဦးမောင်မောင် — အဖွဲ့ဝင်
အတွင်းရေးမှူး၊ မြန်မာစားသုံးသူများသမဂ္ဂ

(န) ဒေါက်တာဝင်းဝင်းကြည် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံအစားအာဟာရဆိုင်ရာ သိပ္ပံနှင့် နည်းပညာအသင်း

(ပ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌသည် အပိုဒ် ၁ ပါ အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးများကို တာဝန်ပေးအပ်နိုင်သည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၂/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
( ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် )

### အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉ ။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉။)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အပင်**ဆိုသည်မှာ အပင်လောကအတွင်းရှိ အဏုဇီဝများ အပါအဝင် မည်သည့်အပင်ကိုမဆို ဆိုသည်။

(ခ) **အပင်မျိုး**ဆိုသည်မှာ ဤဥပဒေအရ အပင်မျိုးသစ်အား အကာအကွယ်ပေးအပ်နိုင်သည့်အခြေအနေများနှင့် ကိုက်ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ ရုက္ခဗေဒ အပင်မျိုးခွဲဆိုင်ရာအမျိုးအစားခွဲခြားခြင်း၏ အနိမ့်ဆုံးအဆင့်တွင်ရှိသော အပင်အုပ်စုတစ်ခုဟု သတ်မှတ်၍ အောက်ပါအရည်အသွေးများနှင့် ပြည့်စုံသောအပင်မျိုးကို ဆိုသည် -

(၁) မူလပါရှိသည့် မျိုးဗီဇတစ်ခု သို့မဟုတ် မျိုးဗီဇအစုအဖွဲ့များပေါင်းစပ်ခြင်းကြောင့် သက်ဆိုင်ရာသွင်ပြင်လက္ခဏာရပ်များ ဖော်ပြနိုင်သောမျိုး၊

(၂) အခြားအပင်အုပ်စုများနှင့် အနည်းဆုံးလက္ခဏာရပ်တစ်ခုခုတွင် ကွဲပြားခြားနားသောမျိုး၊

(၃) မျိုးပွားသည့်အခါ မျိုးဗီဇလက္ခဏာရပ်များ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာဖော်ပြနိုင်သောမျိုး။

(ဂ) **အပင်မျိုးသစ်**ဆိုသည်မှာ လက်ရှိအပင်မျိုးများနှင့် လက္ခဏာတစ်ရပ်ရပ်တွင် သိသာစွာကွဲလွဲမှုရှိပြီး စိုက်ပျိုးသည့်အခါ ယင်း၏လက္ခဏာရပ်များမှာ ညီညာမှုရှိ၍ ထပ်ဆင့်မျိုးပွားရာတွင်လည်း ယင်း၏ လက္ခဏာရပ်များ ပြောင်းလဲမှုမရှိဘဲ ဤဥပဒေပုဒ်မ ၈ ပါအတိုင်း အပင်မျိုးအသစ်ဖြစ်ရန်နှင့် ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့နှင့်အညီ အမည်ပေးထားသော အပင်မျိုးကို ဆိုသည်။

(ဃ) **အပင်မျိုးမွေးမြူသူ (Plant Breeder)** ဆိုသည်မှာ အပင်မျိုးသစ် သို့မဟုတ် အပင်မျိုးတစ်မျိုးကို မွေးမြူသူ သို့မဟုတ် ရှာဖွေဖော်ထုတ်ပြီး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သူကို ဆိုသည်။ ယင်းစကားရပ်တွင် အပင်မျိုးမွေးမြူသူကို တာဝန်ပေးအပ်သည့် လုပ်ငန်းပိုင်ရှင်၊ ယင်း၏ကိုယ်စားဆောင်ရွက်ခွင့်ရှိသူ သို့မဟုတ် အပင်မျိုးမွေးမြူသူ၏ တာဝန်ကို တရားဝင်ဆက်လက်ဆောင်ရွက်သူတို့လည်း ပါဝင်သည်။

(င) **အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး**ဆိုသည်မှာ ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်ကို အခြားသူတစ်ဦးဦးက ဤဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅ နှင့် ၂၆ တို့ပါ လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ပါက အပင်မျိုးမွေးမြူသူမှ တောင်းဆိုနိုင်သည့် ရပိုင်ခွင့်အခွင့်အရေးကို ဆိုသည်။

(စ) **မျိုးပွားနိုင်သည့်အစိတ်အပိုင်း**ဆိုသည်မှာ အပင်မျိုးအား မျိုးပွားရန်အသုံးပြုသည့် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏အစိတ်အပိုင်းများကို ဆိုသည်။

(ဆ) **ရိတ်သိမ်းထားသည့်အစိတ်အပိုင်း**ဆိုသည်မှာ အပင်မျိုး၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အသုံးပြုခြင်းမှ ထုတ်လုပ်ရရှိလာသည့် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏ အစိတ်အပိုင်းများကို ဆိုသည်။

(ဇ) **အသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူအား ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဋ) **ဦးစီးဌာန**ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည် -

(က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးများကို အကာအကွယ်ပေးရန်၊

(ခ) အပင်မျိုးမွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) အပင်မျိုးမွေးမြူခြင်းလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်၊

(ဃ) အပင်မျိုးသစ်များ မွေးမြူရရှိလာပြီး စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

## အခန်း (၃)
## ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် -

(က) ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆက်စပ်သည့် ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင်များနှင့် အခြားသင့်လျော်သူများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက် အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ဗဟိုကော်မတီကို လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဗဟိုကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အပင်မျိုးမွေးမြူရေးလုပ်ငန်းများနှင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးများကို အထောက်အကူဖြစ်စေသော ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်သည့် မူဝါဒများကို ချမှတ်ရမည်။

(ခ) အပင်မျိုးမွေးမြူရေးလုပ်ငန်းများ၊ နည်းပညာနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သည့်အစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ရမည်။

၆။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူက အပင်မျိုးသစ်အား ကာကွယ်သည့်အခွင့်အရေး လျှောက်ထားလာသောအခါ အဆိုပါ အပင်မျိုးသစ်ကို သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ အပင်မျိုးသစ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သဘောထားမှတ်ချက်အပေါ် စိစစ်သုံးသပ်၍ ကိုက်ညီမှုရှိပါက အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးရမည်။

## အခန်း (၅)
## အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သတ်မှတ်ချက်များ

၇။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအတွက် အပင်မျိုးသစ်အဖြစ် ကာကွယ်ခွင့်ရရှိရန် လျှောက်ထားလာသည့် အပင်မျိုးသည် အောက်ပါအရည်အသွေးများနှင့် ပြည့်စုံရမည် -

(က) အသစ်ဖြစ်ခြင်း၊

(ခ) ထူးခြားမှုရှိခြင်း၊

(ဂ) ညီညာမှုရှိခြင်း၊

(ဃ) တည်ငြိမ်မှုရှိခြင်း၊

(င) ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်ပေးခြင်း။

၈။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးကို အပင်မျိုးသစ်ဟု မှတ်ယူရန်အတွက် -

(က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးလျှောက်ထားလာသည့်အချိန်၌ အပင်မျိုးမွေးမြူသူ သို့မဟုတ် ယင်း၏ခွင့်ပြုချက်ရရှိသူက အဆိုပါအပင်မျိုး၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်း သို့မဟုတ် ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများအား ပြည်တွင်း၌ တစ်နှစ်ထက်စော၍လည်းကောင်း၊ ပြည်ပ၌ လေးနှစ်ထက်စော၍လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များဖြစ်ပါက ပြည်တွင်း၌ ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ခြောက်နှစ်ထက်စော၍လည်းကောင်း စီးပွားရေးအလို့ငှာ စိုက်ပျိုး ထုတ်လုပ်ခြင်း၊ အခြားအသုံးပြုမှုများအတွက် ရောင်းချထားခြင်းမရှိစေရ။

(ခ) လျှောက်ထားလာသည့် အပင်မျိုး၏ မျိုးပွားနိုင်သည့်အစိတ်အပိုင်း သို့မဟုတ် ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများသည် ယခင်လျှောက်ထားခဲ့ခြင်းမရှိပါက ပြည်တွင်း၌ လေးနှစ်ထက်စော၍ လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်ဖြစ်ပါက ခြောက်နှစ်ထက်စော၍လည်းကောင်း စီးပွားရေး အလို့ငှာ ဖြန့်ဖြူးရောင်းချထားသော်လည်း ယင်းအပင်မျိုး၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်း သို့မဟုတ် ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများကို အပင်မျိုးသစ်အဖြစ် မှတ်ယူနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးအတွက် လျှောက်ထား လိုသည့် အပင်မျိုးသစ်ကို ဤဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း လျှောက်ထားရမည်။

၉။ အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် ကာကွယ်ခွင့်ရရှိရန် လျှောက်ထားသည့် အချိန်တွင် အများလက်ခံသိရှိထားသည့် အခြားမည်သည့်အပင်မျိုးနှင့်မဆို သိသာစွာ ကွဲပြားခြားနားသည့် ထူးခြားသောလက္ခဏာရပ် ရှိရမည်။

ရှင်းလင်းချက်။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးလျှောက်ထားချိန် သို့မဟုတ် မှတ်ပုံတင်ခွင့် လျှောက်ထားချိန်တွင် မည်သည့်နိုင်ငံ၌မဆို အများလက်ခံသိရှိထားသည့် အခြား အပင်မျိုးများထက် ထူးခြားသောလက္ခဏာရပ်ပါရှိသည့် အပင်မျိုးများနှင့်စပ်လျဉ်းသော လျှောက်ထားခြင်းကိုသာ ဆိုသည်။

၁၀။ အပင်မျိုးသစ်အဖြစ် လျှောက်ထားသော အပင်မျိုးသည် မျိုးပွားဖြစ်စဉ်ကြောင့် အချို့သော လက္ခဏာရပ်များ ကွဲလွဲနိုင်သော်လည်း အဆိုပါ အပင်မျိုး၏ မူရင်းလက္ခဏာရပ်များသည် ညီညာမှု ရှိရမည်။

၁၁။ အပင်မျိုးသစ်အဖြစ် လျှောက်ထားသောအပင်မျိုးသည် သားဆက်အဆင့်ဆင့်မျိုးပွားရာတွင် သို့မဟုတ် အထူးသဖြင့် မျိုးပွားစက်ဝန်းတစ်လျှောက်နှင့် စက်ဝန်းအသီးသီး၏အဆုံးတွင် ယင်းအပင်မျိုးကို ကိုယ်စားပြုသည့်လက္ခဏာရပ်များ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာ ဖော်ပြရမည်။

၁၂။ (က) အပင်မျိုးသစ်ကို အမည်ပေးရာတွင် -

(၁) ယင်းအပင်မျိုးသစ်၏ အမည်နှင့် သက်ဆိုင်ရာမျိုးစု၊ မျိုးစိတ်၏ သိပ္ပံအမည်ကို ထည့်သွင်း ဖော်ပြရမည်။

(၂) အဆိုပါ အပင်မျိုး၏ ကိုယ်ပိုင်လက္ခဏာရပ်များ၊ အရည်အသွေးများ သို့မဟုတ် အပင်မျိုး မွေးမြူသူမှ ဖန်တီးထားသည့်လက္ခဏာရပ်များကို အသိအမြင်လွဲမှားစေခြင်းနှင့် ရှုပ်ထွေးမှု ဖြစ်စေသော အမည်မပေးရ။ အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေး အဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏နယ်နိမိတ်အတွင်းရှိ မျိုးစိတ်တူ သို့မဟုတ် နီးစပ်သော မျိုးစိတ်များ၏ ရှိပြီးမျိုးအမည်များနှင့် ကွဲပြားခြားနားစွာ ပေးရမည်။

(၃) ယခင်သတ်မှတ်လိုက်နာကျင့်သုံးခြင်းမှလွဲ၍ ကိန်းဂဏန်းတစ်မျိုးတည်းသာ ဖော်ပြထားသည့် အမည်ပေးခြင်း မပြုရ။

(၄) ပုဒ်မခွဲငယ် (၆) ပါ သတ်မှတ်ချက်များအရ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ကုန်ဆုံးပြီးသော်လည်း လွတ်လပ်စွာ အသုံးပြုနေသည့် အပင်မျိုး၏ အမည်ကို အဟန့်အတား ဖြစ်စေသည့် အမည်ပေးခြင်း မပြုရ။

(၅) အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေး အဖွဲ့ဝင်နိုင်ငံများအားလုံးတွင် ကျင့်သုံးသည့် တူညီသော အမည်ပေးခြင်းဖြစ်ရမည်။

(၆) တတိယပုဂ္ဂိုလ်၏ ဦးစားပေးအခွင့်အရေးအပေါ် အကျိုးသက်ရောက်မှုမရှိစေရ။ တတိယ ပုဂ္ဂိုလ်၏ ဦးစားပေးအခွင့်အရေးကြောင့် အပင်မျိုးသစ်၏အမည် အသုံးပြုခြင်းအတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ပြဋ္ဌာန်းချက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးကို တားမြစ် ပိတ်ပင်ခြင်းခံရလျှင် ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူကို အဆိုပါ အပင်မျိုးအတွက် အခြားအမည် တင်ပြစေရမည်။

(ခ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မှတ်ပုံတင်ထားသည့်အမည်ကို ယင်းအပင်မျိုးသစ်အား ရောင်းချခြင်း သို့မဟုတ် ဈေးကွက်တင်ပို့ခြင်း ပြုလုပ်သည့်အခါ ကုန်သွယ်မှုအမှတ်တံဆိပ်အဖြစ် လည်းကောင်း၊ ကုန်သွယ်မှုအမည်အဖြစ်လည်းကောင်း၊ အလားတူကိစ္စရပ်များတွင်လည်းကောင်း သုံးစွဲခွင့်ရရှိနိုင်သော်လည်း အလွယ်တကူမှတ်မိနိုင်သည့် အမည်ပေးခြင်း ဖြစ်ရမည်။

၁၃။ (က) အပင်မျိုးသစ်ကို အမည်ပေးခြင်းနှင့်စပ်လျဉ်း၍ -

(၁) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) နှင့် ကိုက်ညီမှုမရှိသောကြောင့် ဗဟိုကော်မတီမှငြင်းပယ်လျှင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးလျှောက်ထားသူက အမည်အသစ်တစ်ခုကို သတ်မှတ်ကာလအတွင်း တင်ပြစေရမည်။

(၂) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပေးအပ်လျှင် ယင်းအပင်မျိုးသစ်၏အမည်ကို ဗဟိုကော်မတီ၏ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။

(၃) မြန်မာနိုင်ငံအတွင်း ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းကို ရောင်းချသူ သို့မဟုတ် ဈေးကွက်တင်ပို့ခြင်း ဆောင်ရွက်သူ မည်သူမဆို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကုန်ဆုံးပြီးသည့်တိုင်အောင် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၆) ပြဋ္ဌာန်းချက်ပါ ဦးစားပေးအခွင့်အရေးဖြင့် တားမြစ်ခြင်းခံရသည်မှ လွဲ၍ ၎င်းအပင်မျိုးသစ်၏အမည်အား ဆက်လက်အသုံးပြုရမည်။

(ခ) ဗဟိုကော်မတီသည် အပင်မျိုးအမည်နှင့်စပ်လျဉ်း၍ လျှောက်ထားလာခြင်း၊ မှတ်ပုံတင်ခြင်း၊ ဖျက်သိမ်းခြင်းများကို အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေးအဖွဲ့ဝင်နိုင်ငံ များ၏ တာဝန်ရှိသူများထံ အသိပေးရမည်။ အဆိုပါ အဖွဲ့ဝင်များ၏ မျိုးအမည်မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် လေ့လာတွေ့ရှိချက်များကိုလည်း ဗဟိုကော်မတီအနေဖြင့် တောင်းခံရယူနိုင်သည်။

## အခန်း (၆)
## အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်း

၁၄။ အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေးကို အောက်ပါပုဂ္ဂိုလ်များ လျှောက်ထားနိုင်သည် -

(က) နိုင်ငံသားများ၊

(ခ) တည်ဆဲဥပဒေအရ မြန်မာနိုင်ငံအတွင်း အမြဲနေထိုင်ခွင့်ရရှိထားသော နိုင်ငံခြားသားများနှင့် ယင်းတို့၏ အဖွဲ့အစည်းများ၊

(ဂ) အပင်မျိုးသစ်အကာအကွယ်ပေးရေးအတွက် မြန်မာနိုင်ငံနှင့် သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်များမှ ယင်းတို့၏ နိုင်ငံသားများ၊ အဆိုပါနိုင်ငံများတွင် တရားဝင်နေထိုင်ခွင့် ရရှိထားသော နိုင်ငံခြားသားများနှင့် အဖွဲ့အစည်းများ။

၁၅။ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါ ပုဂ္ဂိုလ်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီပါက အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးများကို နိုင်ငံသားများနှင့် တန်းတူခံစားခွင့်ရှိသည်။

၁၆။ အပင်မျိုးမွေးမြူသူသည် အပင်မျိုးစုနှင့် မျိုးစိတ်များအားလုံးအတွက် အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးကို ဤဥပဒေနှင့်အညီ လျှောက်ထားနိုင်သည်။

၁၇။ အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးလျှောက်ထားလိုသူသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ အခွင့်အရေးရရှိရန် လျှောက်ထားသည့်ရက်စွဲသည် ဤဥပဒေအရ လျှောက်လွှာကို လက်ခံရရှိသည့်ရက်စွဲဖြစ်ရမည်။

၁၈။ (က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပေးအပ်ခြင်းဆိုင်ရာ မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ချမှတ်ပေးရန်အတွက် ပုဒ်မ ၈ မှ ပုဒ်မ ၁၂ အထိ ပြဋ္ဌာန်းထားသည့် အပင်မျိုးသစ်၏ သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရန်အတွက် ဗဟိုကော်မတီသည် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသည့် အစိုးရဌာနများမှ ပညာရှင်များ အပါအဝင် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၊ သီးခြားအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များအား တာဝန်ပေးအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်ခြင်းခံရသည့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၊ သီးခြားအဖွဲ့အစည်းများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များသည် အပင်မျိုးသစ်ကို စစ်ဆေးရာတွင် သတ်မှတ်ဒေသများ၌ စိုက်ပျိုး၍စစ်ဆေးခြင်း၊ အခြားလိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ခြင်း၊ ယခင် ဆောင်ရွက်ပြီးဖြစ်သော စမ်းသပ်ချက်များ သို့မဟုတ် စမ်းသပ်ကွက်များ၏ အဖြေမှတ်တမ်းများကို အသုံးပြုနိုင်သည်။

(ဂ) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီသည် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ဗဟိုကော်မတီသို့ ပြန်လည်တင်ပြရာတွင် မိတ္တူတစ်စောင်ကို အပင်မျိုးမွေးမြူသူထံသို့ ပေးပို့ရမည်။

၁၉။ ဗဟိုကော်မတီသည် ကာကွယ်ခွင့်လျှောက်ထားသည့် အပင်မျိုးသစ်ကို စမ်းသပ်စစ်ဆေးရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ၊ မှတ်တမ်းစာရွက်စာတမ်းများနှင့် မျိုးနမူနာများကို ဝန်ကြီးဌာနက ထုတ်ပြန်ထားသောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အပင်မျိုးမွေးမြူသူထံမှ တောင်းခံနိုင်သည်။

၂၀။ အပင်မျိုးသစ်အတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးလျှောက်ထားသူသည် -

(က) နိုင်ငံတော်နှင့် အပင်မျိုးသစ်ကာကွယ်ခွင့်ဆိုင်ရာ သဘောတူညီမှုရရှိထားသော နိုင်ငံခြား တိုင်းပြည် သို့မဟုတ် ဒေသဆိုင်ရာ အစိုးရများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်း (intergovernmental organization) တစ်ခုခုတွင် ယင်းအပင်မျိုးသစ်တစ်မျိုးတည်းကို ပထမအကြိမ် လျှောက်ထားခဲ့ပြီး မြန်မာနိုင်ငံ၌ ကာကွယ်ခွင့်ရယူနိုင်ရန်အတွက် ထပ်မံလျှောက်ထားလာပါက ပထမအကြိမ် မှတ်ပုံတင် လျှောက်ထားခဲ့သည့်နေ့၏ နောက်နေ့မှစတင်၍ ၁၂ လအတွင်း ဦးစားပေးအခွင့်အရေးအဖြစ် လျှောက်ထားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ ဦးစားပေးအခွင့်အရေးလျှောက်ထားရာတွင် ပထမအကြိမ်လျှောက်ထားခဲ့သည့် အဖွဲ့အစည်းထံမှ မိတ္တူမှန်ကန်ကြောင်းထောက်ခံချက်ပါရှိသည့် စာရွက်စာတမ်းများ၊ မျိုးနမူနာများအပြင် လိုအပ်ပါက အခြားအထောက်အထားများကို လျှောက်ထားသည့်နေ့မှ သုံးလအတွင်း ပေးပို့တင်ပြရမည်။

(ဂ) ပထမအကြိမ်လျှောက်ထားခြင်းကို ငြင်းပယ်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် ဗဟိုကော်မတီသို့ စစ်ဆေးရန် ပေးပို့ထားသည့် အပင်မျိုးသစ်နှင့်သက်ဆိုင်သော မျိုးနမူနာ၊ မှတ်တမ်းမှတ်ရာများနှင့် သတင်းအချက်အလက်များကို ဦးစားပေးကာလ ကုန်ဆုံးပြီး နှစ်နှစ် သို့မဟုတ် သင့်တင့်သည့် အချိန်ကာလတစ်ခုကို အပင်မျိုးမွေးမြူသူမှ ခွင့်ပြုပေးရမည်။

၂၁။ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) ပါ ဦးစားပေး အခွင့်အရေးကာလအတွင်း အခြားနိုင်ငံအဖွဲ့အစည်းများသို့ ပထမအကြိမ် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပြည်သူများအား အသိပေးခြင်း၊ အဆိုပါမျိုးကို စစ်ဆေးရန်အသုံးပြုခြင်း တို့သည် ထပ်မံလျှောက်ထားခြင်းကို ငြင်းပယ်သည့် အခြေခံအကြောင်းတရားများမဖြစ်စေရ၊ အဆိုပါ အကြောင်းအရာများသည် မည်သည့် တတိယပုဂ္ဂိုလ်၏ ရပိုင်ခွင့်အခွင့်အရေးကို အားပေးစေခြင်းမဖြစ်စေရ။

၂၂။ (က) အပင်မျိုးမွေးမြူသူ၏ အပင်မျိုးသစ်အဖြစ် ကာကွယ်ခွင့် လျှောက်ထားကြောင်းကို ဗဟိုကော်မတီက အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာသည့်နေ့နှင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပေးအပ်သည့် ကာလအတွင်း အပင်မျိုးမွေးမြူသူသည် ယာယီကာကွယ်ခွင့် ရရှိစေရမည်။

(ခ) ယာယီကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို အခြားတစ်ဦးဦးက ပုဒ်မ ၂၃၊ ၂၄၊ ၂၅ နှင့် ၂၆ တို့ပါ ပြဋ္ဌာန်းချက်များတွင် ဖော်ပြထားသည့်မျိုးများ ထုတ်လုပ်ပြီး ကာကွယ်ခွင့် ထပ်မံလျှောက်ထားခြင်းများ ဆောင်ရွက်မည်ဆိုပါက ယင်းအပင်မျိုး မွေးမြူသူ၏ ခွင့်ပြုချက်ကို ရယူရမည်။ အပင်မျိုးမွေးမြူသူသည် ယာယီကာကွယ်ခွင့်ကာလအတွင်း အဆိုပါ အပင်မျိုးသစ်နှင့်စပ်လျဉ်း၍ လိုင်စင်သဘောတူညီမှုများ ဆောင်ရွက်ခြင်းနှင့် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းများကို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးရရှိသကဲ့သို့ ဆောင်ရွက်နိုင်သည်။ ယာယီကာကွယ်ခွင့်ရရှိထားသူသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး မရရှိခဲ့ပါက အထက်ဖော်ပြပါ ရပိုင်ခွင့်များကို ဆက်လက်ခံစားခွင့်မရှိစေရ။

## အခန်း (၇)
## အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး

၂၃။ (က) ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ တို့ပါ ကင်းလွတ်ခွင့်များမှတစ်ပါး ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အောက်ဖော်ပြပါ ကိစ္စရပ်များတွင် အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ဆောင်ရွက်ခြင်းမပြုရ -

(၁) ထုတ်လုပ်ခြင်း သို့မဟုတ် ထပ်ဆင့်မျိုးပွားခြင်း၊

(၂) မျိုးပွားရန်အတွက် ပြုပြင်ခြင်း၊

(၃) ရောင်းချရန် ကမ်းလှမ်းခြင်း၊

(၄) ရောင်းချခြင်း သို့မဟုတ် ဈေးကွက်သို့ တင်ပို့ရောင်းချခြင်း၊

(၅) ပြည်ပသို့ တင်ပို့ရောင်းချခြင်း၊

(၆) ပြည်ပမှ တင်သွင်းခြင်း၊

(၇) ပုဒ်မခွဲငယ် (၁) မှ (၆) အထိ လုပ်ငန်းများဆောင်ရွက်ရန် သိုလှောင်သိမ်းဆည်းခြင်း။

(ခ) အပင်မျိုးမွေးမြူသူသည် ပုဒ်မခွဲ (က) ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မည့်သူထံမှ ရသင့်ရထိုက်သည့် ရပိုင်ခွင့်အခွင့်အရေးများကို ၎င်းတို့ကြား ထားရှိသည့် သဘောတူညီမှုများနှင့်အညီ တောင်းဆိုနိုင်သည်။

၂၄။ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ ပါ ကင်းလွတ်ခွင့်များမှတစ်ပါး အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းကို တစ်ဦးဦးက အသုံးပြု စိုက်ပျိုးထုတ်လုပ်ပြီး ရိတ်သိမ်းထားသည့် အစိတ်အပိုင်းကို ပုဒ်မ ၂၃ ပြဋ္ဌာန်းချက်ပါ လုပ်ငန်းများ လုပ်ကိုင်ခြင်း အတွက် သင့်တင့်မျှတသော ရပိုင်ခွင့်အခွင့်အရေးများကို အဆိုပါ အသုံးပြုသူထံမှ အပင်မျိုးမွေးမြူသူက တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၅။ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ ပါ ကင်းလွတ်ခွင့်များမှတစ်ပါး အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မ ၂၄ ပြဋ္ဌာန်းချက်ပါ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများကို တစ်ဦးဦးက ထုတ်ကုန်များထုတ်လုပ်၍ ပုဒ်မ ၂၃ ပြဋ္ဌာန်းချက်ပါ လုပ်ငန်းများ ဆောင်ရွက်ပါက အပင်မျိုး မွေးမြူသူက သင့်တင့်မျှတသော ရပိုင်ခွင့်အခွင့်အရေးများကို အဆိုပါ အသုံးပြုသူထံမှ တောင်းဆိုပိုင်ခွင့် ရှိသည်။

၂၆။ ပုဒ်မ ၂၃၊ ၂၄ နှင့် ၂၅ တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါ မျိုးများအားလုံးကို သက်ရောက်မှုရှိစေရမည် -

(က) ကနဦးမျိုးအား သဘာဝအလျောက် မျိုးထွန်းလာသည့်အပင်များကို ရွေးချယ်ခြင်း သို့မဟုတ် မျိုးထွန်း စေရန် ဖန်တီး၍ မျိုးထွန်းလာသည့်အပင်များကို ရွေးချယ်ခြင်း သို့မဟုတ် တစ်သျှူးများ ပြောင်းလဲ စေရန် ဖန်တီးသော (somaclonal variant) နည်းဖြင့်ရွေးချယ်ခြင်း၊ မျိုးကွဲအပင်များအား ရွေးချယ်ခြင်း၊ နောက်ပြန်မျိုးစပ်ခြင်း (backcross breeding) သို့မဟုတ် ဗီဇပြုပြင်နည်း (genetic engineering) စသည့်နည်းလမ်းများကို အခြေခံ၍ ဆင်းသက်ရရှိလာသည့် အပင်မျိုးများ (Essentially Derived Varieties) ဖြစ်သော -

(၁) ကနဦးမျိုး၏ သို့မဟုတ် ကနဦးမျိုးမှ တစ်ဆင့်ခံ ထုတ်လုပ်ထားသောမျိုး၏ဗီဇအစု သို့မဟုတ် ဗီဇအစုများပေါင်းစပ်ဆင်းသက်လာခြင်းကြောင့် အဆိုပါ မျိုးများ၏ အဓိကလက္ခဏာရပ် များအား ထင်ရှားသိသာစွာ ထိန်းသိမ်းဖော်ပြထားသော အပင်မျိုး၊

(၂) ကနဦးမျိုးနှင့် သိသာစွာ ကွဲပြားခြားနားသည့်မျိုး၊

(၃) လုပ်ဆောင်မှုမတူညီသောကြောင့် ရလဒ်ကွာခြားခြင်းမှလွဲ၍ ကနဦးမျိုး၏ ဗီဇအစု သို့မဟုတ် ဗီဇအစုများ ပေါင်းစပ်ဆင်းသက်လာခြင်းကြောင့် အဆိုပါ မျိုးများ၏ အဓိကလက္ခဏာရပ်များ ဖော်ဆောင်ထားသဖြင့် ယင်းကနဦးမျိုးဟု အတည်ပြုနိုင်သောမျိုး။

(ခ) ပုဒ်မ ၉ အရ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်နှင့် သိသာစွာ ကွဲပြားခြားနားသည့် လက္ခဏာများ မပါရှိသည့်မျိုးများ၊

(ဂ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်အား စဉ်ဆက်မပြတ် အသုံးပြု၍ ထုတ်လုပ်ရရှိလာသည့် မျိုးများ။

၂၇။ (က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်မရရှိနိုင်မည့်အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) စီးပွားဖြစ်ထုတ်လုပ်ရန်မဟုတ်ဘဲ တစ်ပိုင်တစ်နိုင်စိုက်ပျိုးထုတ်လုပ်ခြင်း၊

(၂) သုတေသနလုပ်ငန်းအတွက် ဆောင်ရွက်ခြင်း၊

(၃) ပုဒ်မ ၂၃၊ ၂၄၊ ၂၅ ပြဋ္ဌာန်းချက်များပါ ရပိုင်ခွင့် အခွင့်အရေးများနှင့် ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းထားသည့်မျိုးများ ထုတ်လုပ်ခြင်းမှလွဲ၍ အခြားမျိုးများ မွေးမြူထုတ်လုပ်ရေးအတွက် အသုံးပြုခြင်း။

(ခ) ကာကွယ်ခွင့်ရရှိသောအပင်မျိုးသစ် သို့မဟုတ် ပုဒ်မ ၂၆ (က)၊ (ခ) ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သော အပင်မျိုးများကို တောင်သူလယ်သမားများက ၎င်းတို့၏ ကိုယ်ပိုင်မြေတွင် မျိုးထိန်းစိုက်ပျိုးခြင်း၊ စိုက်ပျိုးခြင်းမှ ရရှိလာသည့်ထွက်ကုန်များကို မိမိစားသုံးရန်အတွက် အသုံးပြုခြင်းသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို ချိုးဖောက်သည်ဟုမမှတ်ယူရ၊

(ဂ) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ကင်းလွတ်ခွင့်ပေးရာတွင် သစ်သီးပင်များ၊ အလှစိုက်ပန်းပင်များ၊ ဟင်းသီးဟင်းရွက်များနှင့် သစ်တောသစ်ပင်များပါဝင်ခြင်း မရှိစေရ။

၂၈။ (က) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများ သို့မဟုတ် ပုဒ်မ ၂၆ တွင် ပြဋ္ဌာန်းထားသောမျိုးများကို အပင်မျိုးမွေးမြူသူ သို့မဟုတ် ယင်း၏ ခွင့်ပြုချက်ရရှိသူက ပြည်တွင်း၌ ရောင်းချခြင်း၊ ဈေးကွက်သို့ တင်ပို့ခြင်းတို့ကို အောက်ဖော်ပြပါအခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးမရှိစေရ -

(၁) ထပ်မံမျိုးပွားမှုမပြုခြင်း၊

(၂) ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အဆိုပါ အပင်မျိုး၏ မျိုးစုနှင့် မျိုးစိတ်များအား ကာကွယ်ခွင့်ဆောင်ရွက်ထားရှိမှုမရှိသော ပြည်ပသို့ စားသုံးရန်အတွက် တင်ပို့ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ အပင်မျိုးနှင့်သက်ဆိုင်သည့် အစိတ်အပိုင်းများမှာ -

(၁) မျိုးပွားနိုင်သည့် အစိတ်အပိုင်းများ၊

(၂) ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများ၊

(၃) ရိတ်သိမ်းထားသည့် အစိတ်အပိုင်းမှ တိုက်ရိုက်ထုတ်လုပ်သည့် ထုတ်ကုန်တို့ဖြစ်သည်။

၂၉။ မည်သူမျှ -

(က) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်အား အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရရှိဘဲ ပုဒ်မ ၂၃၊ ၂၄ နှင့် ၂၅ ပါ လုပ်ငန်းများလုပ်ကိုင်ခြင်းနှင့် ပုဒ်မ ၂၆ ပါမျိုးများ ထုတ်လုပ်၍ ကာကွယ်ခွင့်ရယူခြင်းများ ဆောင်ရွက်ခြင်းမပြုရ၊

(ခ) အများပြည်သူအကျိုးမှတစ်ပါး ဤဥပဒေတွင် ဖော်ပြထားသည့်အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးများကို ကန့်သတ်ခြင်း မရှိစေရ။

၃၀။ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) အရ ဗဟိုကော်မတီမှ ခွင့်ပြုချက်ပေးသော အဖွဲ့အစည်း၏ ဆောင်ရွက်ချက်အပေါ် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို ကင်းလွတ်ခွင့်ပြုရန် ပေါ်ပေါက်လာသည့် ကိစ္စရပ်များအတွက် အပင်မျိုးမွေးမြူသူမှ သင့်တင့်မျှတသော အခကြေးငွေများ ရရှိနိုင်သည်။

၃၁။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးသည် မည်သည့်အခြေအနေတွင်မဆို ကုန်ထုတ်လုပ်မှုစည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းများနှင့် သက်ဆိုင်ခြင်းမရှိစေရန်နှင့် ဖော်ပြပါအကြောင်းအရာများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်မှုမရှိစေရ။

၃၂။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ကာကွယ်ခွင့်ကာလသည် ကာကွယ်ခွင့်ရရှိသည့်နေ့မှစတင်၍ နှစ်ရှည်ပင်နှင့် နွယ်ပင်မျိုးသစ်များဖြစ်ပါက ၂၅ နှစ်၊ အခြားအပင်မျိုးသစ်များဖြစ်ပါက ၂၀ နှစ် ဖြစ်သည်။

## အခန်း (၈)

## အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်းနှင့် ရုပ်သိမ်းခြင်း

၃၃။ အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ပျက်ပြယ်စေရမည် -

(က) အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးပေးအပ်သည့်အချိန်တွင် ဖော်ပြခဲ့သည့် ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်တို့နှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ခ) အပင်မျိုးမွေးမြူသူက တင်ပြခဲ့သည့် စာရွက်စာတမ်းများနှင့် အချက်အလက်များကို အခြေခံ၍ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးများကို ရရှိခဲ့ပြီးနောက် ယင်းအချိန်က ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်တို့နှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို မမှန်ကန်သောနည်းဖြင့် ရရှိထားခြင်း။

၃၄။ ပုဒ်မ ၃၃ ပါ အခြေအနေများမှအပ အခြားအကြောင်းခြင်းရာများကြောင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးပျက်ပြယ်ခြင်း မရှိစေရ။

၃၅။ ဗဟိုကော်မတီသည် အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ရုပ်သိမ်းနိုင်သည် -

(က) ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်သည် ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်တို့ကို ရေရှည်ထိန်းသိမ်းထားနိုင်မှုမရှိခြင်း၊

(ခ) အပင်မျိုးမွေးမြူသူက ဗဟိုကော်မတီသို့ မျိုးသစ်နှင့်စပ်လျဉ်း၍ မျိုးသစ်အဖြစ် ဆက်လက်တည်ရှိရန် လိုအပ်သည့် သတင်းအချက်အလက်များ၊ မှတ်တမ်းများကို သတ်မှတ်ကာလအတွင်း တင်ပြနိုင်မှုမရှိခြင်း၊

(ဂ) အပင်မျိုးမွေးမြူသူက ၎င်း၏ရပိုင်ခွင့် အခွင့်အရေးကို ဆက်လက်ထိန်းသိမ်းရန်အတွက် ပေးရန် ရှိသည့် အဖိုးအခများကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်း၊

(ဃ) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးရရှိပြီး ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်၏ အမည်အား ဖျက်သိမ်းခံရပြီးနောက် အပင်မျိုးသစ်မွေးမြူသူမှထပ်မံ၍ အခြားသင့်လျော်သည့် မျိုးအမည်အသစ်အား သတ်မှတ်ကာလအတွင်း အဆိုပြုနိုင်မှုမရှိခြင်း။

၃၆။ ပုဒ်မ ၃၅ ပါ အခြေအနေများမှအပ မည်သည့်အကြောင်းအရာကမျှ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ရုပ်သိမ်းခြင်းမရှိစေရ။

## **အခန်း (၉)**
## **အယူခံဝင်ခြင်း**

၃၇။ (က) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သုံးသပ်ချက်အစီရင်ခံစာကို မကျေနပ်သူသည် ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

(ခ) ဗဟိုကော်မတီသည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ သုံးသပ်ချက်အစီရင်ခံစာကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။ ဗဟိုကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

(ဂ) ဗဟိုကော်မတီက ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း သက်ဆိုင်ရာတရားရုံးသို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားနိုင်သည်။

## **အခန်း (၁၀)**
## **ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၈။ မည်သူမဆို ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို ယင်းအပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မ ၂၃၊ ၂၄၊ ၂၅ နှင့် ၂၆ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ် တစ်ဆယ်သိန်း မှ အများဆုံး ငွေဒဏ် ကျပ် သိန်းငါးဆယ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း (၁၁)

## အထွေထွေ

၃၉။ အပင်မျိုးသစ်ကာကွယ်ခွင့်လျှောက်ထားသူသည် ဤဥပဒေပြဋ္ဌာန်းချက်များအား လိုက်နာခြင်း၊ သတ်မှတ်သည့် အခကြေးငွေများ ပေးဆောင်ခြင်းများ ဆောင်ရွက်ခဲ့ပါက အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို အခြားမည်သည့်အကြောင်းအရာများကမျှ ဟန့်တားခြင်းမရှိစေရ။

၄၀။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးရရှိရန်လျှောက်ထားခြင်း၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်အမည်တင်ပြခြင်း၊ အတည်ပြုခြင်း တို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၄၁။ ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ တွေ့ရှိချက်ကို အခြေခံ၍ ဗဟိုကော်မတီသည် ကြီးကြပ်စီမံဆောင်ရွက်ရမည်။

၄၂။ (က) အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးရရှိထားသော အပင်မျိုးမွေးမြူသူသည် ၎င်း၏ ရပိုင်ခွင့် အခွင့်အရေးကို ချိုးဖောက်သူအား တွေ့ရှိပါက အောက်ဖော်ပြပါ အရေးယူဆောင်ရွက်ပေးရန် ဗဟိုကော်မတီသို့ တောင်းဆိုနိုင်သည် -

(၁) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ချိုးဖောက်သည့် သက်သေအထောက် အထားရှိပါက ဆက်လက်လုပ်ဆောင်ခြင်းမပြုရန် တားမြစ်ခြင်း၊

(၂) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ချိုးဖောက်သူ၏ လက်ဝယ်တွင်တွေ့ရှိသော ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့်အစိတ်အပိုင်းများ၊ ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများ သို့မဟုတ် ၎င်းတို့မှ ရရှိလာသော ဆက်စပ်ထွက်ကုန်များအား ဖျက်ဆီးခြင်း။

(ခ) ဗဟိုကော်မတီသည် အခြားသော အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့် အခွင့်အရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများပါ ပြဋ္ဌာန်းချက်များကို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာဥပဒေအား လိုက်နာဆောင်ရွက်ရေးအတွက် အသုံးပြုနိုင်သည်။

၄၃။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာ ကော်မတီဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၄၄။ ဗဟိုကော်မတီသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေး ရရှိရန် လျှောက်ထားသူက ပေးဆောင်ရမည့် အခကြေးငွေများကို သတ်မှတ်ပေးရမည်။

၄၅။ အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးလျှောက်ထားသူသည် လျှောက်ထားခြင်း၊ စစ်ဆေးခြင်း များအတွက် သတ်မှတ်ထားသည့်အခကြေးငွေများကို ဗဟိုကော်မတီသို့ ပေးဆောင်ရမည်။

၄၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

၄၇။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်-၁၅။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၈၄၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်သန္တာအေးလွင် တ/၃၄၇၃ | မိုးညှင်း ကချင်ပြည်နယ် |
| ၂။ | ဒေါ်ဝါဝါကျော် တ/၃၅၃၅ | မှော်ဘီ ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၈၄၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် ဒုတိယမြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးနေမင်းစိုး တ/၃၃၄၂ | မံစီ ကချင်ပြည်နယ် |
| ၂။ | ဦးမြတ်စက်ထွန်း တ/၃၄၇၈ | (မြို့နယ်တရားသူကြီးတာဝန်) တန့်ယန်း ရှမ်းပြည်နယ် |
| ၃။ | ဦးဖြိုးစည်သူ တ/၃၅၀၇ | (မြို့နယ်တရားသူကြီးတာဝန်) လင်းခေး ရှမ်းပြည်နယ် |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၄။ | ဦးအောင်ထက်<br>တ/၃၅၀၂ | (မြို့နယ်တရားသူကြီးတာဝန်)<br>ဖားဆောင်း<br>ကယားပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၈၄၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

၁။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ လုပ်သားရေးရာဌာနက လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) မန်နေဂျာ ဦးစောတောထွန်း ကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၃။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၈၁/၂၀၁၉) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၁၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ငွေစာရင်းဌာနက လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ရုံးအုပ် (ငွေစာရင်း) ဒေါ်ဆွေဆွေသန်း (၈၀၁၆၈၇) ကို ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်မန်နေဂျာ (ဘဏ္ဍာရေး/စာရင်းစစ်) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၁၃/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြို့ပြအင်ဂျင်နီယာ ဌာန၊ တိုင်းတာရေးဌာနခွဲက လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ တိုင်းထွာရေး-၁ ဒေါ်ဝါဝါမိုး ကို ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဌာနစုမှူး (တိုင်းတာရေး) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၉၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်ဦးစီးမှူးရုံးမှ (လဝက-၃၈၃၉) လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်အောင် သည် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၂ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၁ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ-၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ-၈၁ အရ ခံစားခွင့်ပြုလိုက်သည်။

၂။ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်အောင် သည် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၁၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ-၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၉၃/၂၀၁၉)**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ (လဝက-၂၈၅၇) ဒုတိယညွှန်ကြားရေးမှူး ဦးခင်တိုး သည် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၁ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ-၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ-၈၁ အရ ခံစားခွင့်ပြုလိုက်သည်။

၂။ ဒုတိယညွှန်ကြားရေးမှူး ဦးခင်တိုး သည် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ-၁၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ-၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၅၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်ဦးစီးမှူးရုံးမှ (လဝက-၃၉၁၀) လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမျိုးမြင့်ဦး သည် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ-၈၁ အရ ခံစားခွင့် ပြုလိုက်သည်။

၂။ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမျိုးမြင့်ဦး သည် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၁၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ-၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၈၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံးမှ (လဝက-၃၀၃၁) လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းတင် သည် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ-၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ-၈၁ အရ ခံစားခွင့်ပြုလိုက်သည်။

၂။ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းတင် သည် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ-၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) အရအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်က ရယူဆောင်ရွက်သည့် ထောက်ပံ့ငွေများ (Grant Aid) နှင့် သက်သာသောချေးငွေ (Concessional Loan) တို့ဖြင့် ဆောင်ရွက်နေသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများအနေဖြင့် ဥပဒေနှင့်အညီ အခွန်ကင်းလွတ်ခွင့်များကို အပြည့်အဝ ခံစားခွင့်ရရှိနိုင်ရန်နှင့် အခွန်ကင်းလွတ်ခွင့်များရယူရာတွင် ရှင်းလင်းလွယ်ကူစွာ လိုက်နာဆောင်ရွက်နိုင်ရန် အတွက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်သတ်မှတ်လိုက်သည်။

၂။ နိုင်ငံတော်ကရယူသည့် ထောက်ပံ့ငွေ (Grant Aid) ဖြင့် ဖော်ဆောင်သည့် စီမံကိန်းလုပ်ငန်းများတွင် မူလ သို့မဟုတ် တစ်ဆင့်ခံကန်ထရိုက်တာများအဖြစ် ပါဝင်ဆောင်ရွက်နေသော ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများအားလုံးကို အောက်ပါအတိုင်း အခွန်ကင်းလွတ်ခွင့်ပြုလိုက်သည် -

(က) စီမံကိန်းလုပ်ငန်းတွင် လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားမှအပဖြစ်သော ဝန်ထမ်းများ၏ လစာ ဝင်ငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊

(ခ) စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သော သက်ဆိုင်ရာကုမ္ပဏီများ၏ ဝင်ငွေများအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊

(ဂ) စီမံကိန်းလုပ်ငန်းများတွင်အသုံးပြုရန် တင်သွင်းလာသည့် ကုန်စည်များ၊ စက်ပစ္စည်းများ၊ လိုအပ်သော ဆက်စပ်ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်၊

(ဃ) စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကျသင့်မည့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်။

၃။ နိုင်ငံတော်ကရယူသည့် သက်သာသောချေးငွေ (Concessional Loan) ဖြင့် ဖော်ဆောင်သည့် စီမံကိန်းလုပ်ငန်းများတွင် ကန်ထရိုက်တာများအဖြစ် ပါဝင်ဆောင်ရွက်နေသောကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများအားလုံးကို -

(က) အောက်ပါဝင်ငွေခွန်များကို ကင်းလွတ်ခွင့်ပြုလိုက်သည် -

(၁) နိုင်ငံတော်ကရယူသည့် ချေးငွေအတွက် အတိုးပေးငွေအပေါ် ဝင်ငွေခွန်၊

(၂) စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သော တစ်ဆင့်ခံကန်ထရိုက်တာများမဟုတ်သည့် မူလကန်ထရိုက်တာများ (Main Contractors) က ဆောင်ရွက်သည့် ကုမ္ပဏီများ၏ ဝင်ငွေများအပေါ် ဝင်ငွေခွန်။

(ခ) သက်သာသောချေးငွေရယူခြင်းဆိုင်ရာ သဘောတူစာချုပ်တွင်ဖော်ပြပြီး စီမံကိန်းလုပ်ငန်း၌ လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားမှအပဖြစ်သော ဝန်ထမ်းများ၏ လစာဝင်ငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄။ နိုင်ငံတော်ကရယူသည့် သက်သာသောချေးငွေ (Concessional Loan) ဖြင့် ဖော်ဆောင်သည့် စီမံကိန်းလုပ်ငန်းများတွင် ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအနေဖြင့် မိမိတို့ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် ကျသင့်သောကုန်သွယ်လုပ်ငန်းခွန်ပမာဏကို ဘတ်ဂျက်တွင် ကြိုတင်လျာထားတောင်းခံ၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်ရမည်။

၅။ နိုင်ငံတော်ကရယူသည့် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် သက်သာသောချေးငွေ (Concessional Loan) ဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများသည် အခွန်ကင်းလွတ်ခွင့်ရယူရာတွင် စနစ်တကျဖြစ်စေရေးအတွက် ပြည်တွင်းအခွန်များဦးစီးဌာန၏ **သက်သေခံလက်မှတ်** ရရှိစေရန် ကိစ္စရပ်တစ်ခုချင်းအလိုက် **သတ်မှတ်ထားသည့်အထောက်အထားများ** နှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တစ်ဆင့် ပြည်တွင်းအခွန်များဦးစီးဌာနသို့ လျှောက်ထားရမည်။

၆။ နိုင်ငံတော်ကရယူသည့် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် သက်သာသောချေးငွေ (Concessional Loan) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများတွင် လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားမှအပဖြစ်သော ဝန်ထမ်းများ၏ လစာဝင်ငွေခွန်ကင်းလွတ်ခွင့်အတွက် သက်ဆိုင်ရာကုမ္ပဏီက **သက်သေခံလက်မှတ်** လျှောက်ထားရာတွင် အောက်ဖော်ပြပါ အထောက်အထားများကို တင်ပြရမည် -

(က) စီမံကိန်းတွင်ဆောင်ရွက်သောဝန်ထမ်းဖြစ်ကြောင်း မူလ သို့မဟုတ် တစ်ဆင့်ခံကုမ္ပဏီ၏ တင်ပြစာ၊ (ယင်းတင်ပြစာနှင့်အတူ ကုမ္ပဏီသည် မူလကုမ္ပဏီဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ထောက်ခံစာ၊ တစ်ဆင့်ခံကုမ္ပဏီဖြစ်ပါက မူလကုမ္ပဏီ၏ ထောက်ခံစာနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ထောက်ခံစာပူးတွဲ၍ တင်ပြရန်)

(ခ) စီမံကိန်းသည် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် သက်သာသောချေးငွေ (Concessional Loan) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ကြောင်း မူလကုမ္ပဏီ၏ တင်ပြစာ၊

(ဂ) စီမံကိန်းသည် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် သက်သာသောချေးငွေ (Concessional Loan) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာန၏ထောက်ခံချက်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ထောက်ခံချက်။

၇။ နိုင်ငံတော်ကရယူသည့် ထောက်ပံ့ငွေ (Grant Aid) ဖြင့် ဆောင်ရွက်သည့် မူလကန်ထရိုက်တာများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများ၊ သက်သာသောချေးငွေ (Concessional Loan) ဖြင့် ဆောင်ရွက်သည့် မူလ

ကန်ထရိုက်တာများသည် မိမိတို့ဆောင်ရွက်နေသည့်လုပ်ငန်း၏ အခွန်ကင်းလွတ်ခွင့်အတွက် **သက်သေခံလက်မှတ်** လျှောက်ထားရာတွင် အောက်ဖော်ပြပါ အထောက်အထားများကို တင်ပြရမည် -

(က) မိမိဆောင်ရွက်သည့်လုပ်ငန်းသည် "နိုင်ငံတော်ကရယူဆောင်ရွက်သည့် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် သက်သာသောချေးငွေ (Concessional Loan) ဖြင့် ဆောင်ရွက်သည့် စီမံကိန်း" ဖြစ်ကြောင်း-

(၁) သက်ဆိုင်ရာကုမ္ပဏီ၏ တင်ပြစာ၊

(၂) သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်၊

(၃) သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ရယူထားသည့် ထောက်ပံ့ငွေအတွက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန သို့မဟုတ် ချေးငွေအတွက် ငွေတိုက်ဦးစီးဌာန၏ ထောက်ခံချက်။

(ခ) မူလကန်ထရိုက်တာဖြစ်ပါက သက်ဆိုင်ရာဌာနနှင့် ချုပ်ဆိုထားသည့် လုပ်ငန်းသဘောတူစာချုပ်၊

(ဂ) တစ်ဆင့်ခံကန်ထရိုက်တာဖြစ်ပါက မူလကုမ္ပဏီနှင့် ချုပ်ဆိုထားသည့်စာချုပ်နှင့် မူလကုမ္ပဏီ၏ ထောက်ခံချက်၊

(ဃ) သွင်းကုန်ပါမစ်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်အတွက် အကောက်ခွန်ဦးစီးဌာန၏ သဘောထားမှတ်ချက်၊

(င) ယာဉ်၊ ယန္တရားနှင့် စက်ပစ္စည်းများဝယ်ယူခြင်းအတွက် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistant Coordination Unit-DACU) ၏ သဘောတူညီချက်။

၈။ ဆောင်ရွက်သည့်စီမံကိန်းသည် နိုင်ငံတော်ကရယူသည့် ထောက်ပံ့ငွေ (Grant Aid) နှင့် သက်သာသောချေးငွေ (Concessional Loan) နှစ်ရပ်စလုံးဖြင့် ဆောင်ရွက်သည့်စီမံကိန်းဖြစ်ပါက သက်သာသောချေးငွေ (Concessional Loan) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းကဲ့သို့ သတ်မှတ်၍ ဆောင်ရွက်ရန်ဖြစ်ပြီး သက်သာသောချေးငွေ (Concessional Loan) ဖြင့် ဆောင်ရွက်ရာတွင် ရရှိသည့် ကင်းလွတ်ခွင့်များကိုသာ ခံစားရရှိမည်ဖြစ်ပါသည်။

၉။ သို့ရာတွင် နိုင်ငံတော်ကရယူသည့် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် သက်သာသောချေးငွေ (Concessional Loan) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းများမဟုတ်ဘဲ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများကဆောင်ရွက်နေသည့် စီမံကိန်းများ သို့မဟုတ် အဆိုပါ အဖွဲ့အစည်းများ၏ အကူအညီဖြင့် ကုမ္ပဏီများက ဆောင်ရွက်နေသည့် အစီအစဉ်များသည် ဤအမိန့်ကြော်ငြာစာနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၀။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၁၁။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

## ပြည်ထောင်စုဝန်ကြီးရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

## နိုင်ငံပိုင်ဘဏ်များပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်မှုအဖွဲ့ငယ် (Sub-Working Group) ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ဦးစီးကွပ်ကဲဆောင်ရွက်နိုင်ရန်နှင့်

နိုင်ငံတကာကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် **နိုင်ငံပိုင်ဘဏ်များပြုပြင်ပြောင်းလဲရေး လုပ်ငန်းကော်မတီ** ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ် ပါဝင်သော **နိုင်ငံပိုင်ဘဏ်များပြုပြင်ပြောင်းလဲရေးလုပ်ငန်း ကော်မတီ** ကို အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၉ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၂။ အဆိုပါ လုပ်ငန်းကော်မတီအား အထောက်အကူပြုနိုင်ရန်နှင့် နိုင်ငံပိုင်ဘဏ်များပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်မှုအဖွဲ့ငယ် (Sub-Working Group) ကို အောက်ပါအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဦးတင်မိုးသိန်း ဒုတိယအထွေထွေမန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်

(ခ) ဒေါ်နွယ်နွယ်ယဉ် ဒုတိယအထွေထွေမန်နေဂျာ
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

(ဂ) ဒေါ်မိမိလှိုင် လက်ထောက်အထွေထွေမန်နေဂျာ
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

(ဃ) ဦးမင်းဇင်ဟန် မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ်

(င) ဒေါ်နီလာဝင်း လက်ထောက်မန်နေဂျာ
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

(စ) ကမ္ဘာ့ဘဏ်မှ ရွေးချယ်ခန့်ထားမည့် National Consultant (၁) ဦး

၃။ နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်မှု အဖွဲ့ငယ် (Sub-Working Group) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အောင်မြင်စေရန်အတွက် နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းကော်မတီ၏ ချမှတ်ထားသော လုပ်ငန်းလမ်းညွှန် ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ခ) နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအား သတ်မှတ် Timeline အတွင်း ပြီးစီးအောင်ဆောင်ရွက်ရာတွင် နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကော်မတီအား အထောက်အကူပြုရန်၊

(ဂ) ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာအကြံပေးအဖွဲ့များ၏ စိစစ်ဖော်ထုတ်တွေ့ရှိချက်များအပေါ် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိပြီး နိုင်ငံပိုင်ဘဏ်များအတွက် ပြုပြင်ပြောင်းလဲသင့်သည့် Business Model တည်ဆောက်နိုင်ရေး အကူအညီပေးရန်၊

(ဃ) Business Model အရ ဖွဲ့စည်းမည့် နိုင်ငံပိုင်ဘဏ်များ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ရန်၊

(င) ပြင်ဆင်ဖွဲ့စည်းမည့် နိုင်ငံပိုင်ဘဏ်များတွင် Corporate Governance အခြေခံကောင်းများ ပေါ်ပေါက်လာစေရေး ဆောင်ရွက်ရန်၊

(စ) နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရာတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများအား ခေတ်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ရာတွင် နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၁၉)**
နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ချယ်ရီလွင် အား ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၈-၂၀၁၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှစတင်၍ သက်ပြည့်အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ချယ်ရီလွင် အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့အထိ ခံစားစေပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် နောက်တစ်ရက်ဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၉)**
နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

**ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော အဆင့်အလိုက် ဌာနဆိုင်ရာနိုင်ငံ့ဝန်ထမ်းများအား လက်ရှိအခြေအနေအရ ၂၀၁၉ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများအတွက် မူရင်းလစာ၏ ၂ ဆကို ထောက်ပံ့ငွေအနေဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်းနှင့် မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော နေ့စားအလုပ်သမားများအား လက်ရှိအခြေအနေအရ ၂၀၁၉ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများအတွက် နေ့စားလုပ်ခကို ကျပ် ၆၅၀၀ နှုန်းဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော အဆင့်အလိုက် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများအား မူရင်းလစာ၏ ၂ ဆနှင့် နေ့စားအလုပ်သမားများအား နေ့စားလုပ်ခကို ကျပ် ၆၅၀၀ နှုန်းဖြင့် လက်ရှိဖြစ်ပေါ်နေသော ဒေသဆိုင်ရာလုံခြုံရေးအခြေအနေအရ ၂၀၁၆ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများအတွက်မှစ၍ ၂၀၁၉ ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများအထိ အထူးကိစ္စတစ်ရပ်အနေဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာများထုတ်ပြန်၍ ပြောင်းလဲပြင်ဆင် ခံစားခွင့်ပြုခဲ့ပါသည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) ၏ ခွင့်ပြုချက်အရ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအား လက်ရှိအခြေအနေအရ **၂၀၁၉ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများအတွက်** မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။ ထို့ပြင် မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော နေ့စားအလုပ်သမားများအား လက်ရှိအခြေအနေအရ **၂၀၁၉ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများအတွက်** နေ့စားလုပ်ခကို ကျပ် ၆၅၀၀ နှုန်းဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

၁။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အထူးကုန်စည်အမျိုးအစားဝင်ဖြစ်သည့် သဘာဝဓာတ်ငွေ့ကို ပြည်တွင်း၌ထုတ်လုပ်ခြင်းအတွက် ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရမည့် အထူးကုန်စည်အဖြစ် သတ်မှတ်လိုက်သည်။

၂။ သဘာဝဓာတ်ငွေ့ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်လုပ်သည့်နေ့ရှိ ကုန်စည်တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် တိုင်းတာမှုတစ်ခုခုအပေါ် အခြေပြုသတ်မှတ်သည့်အခွန်နှုန်းဖြင့် အခွန်ကျသင့်စေရမည်။ ထိုသို့ ကျသင့်သည့် အခွန်ကို ထုတ်လုပ်သည့်လ ကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်သီဂီဦး အား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

### နိုင်ငံပိုင်ဘဏ်များပြုပြင်ပြောင်းလဲရေးဆိုင်ရာ စီမံအုပ်ချုပ်မှုအခြေခံမူထုတ်ပြန်ခြင်း

**နိဒါန်း**

၁။ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိပြီး စွမ်းရည်ပြည့်ဝသည့် ဘဏ်ဝန်ဆောင်မှုများပေးနိုင်ရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူအားလုံးပါဝင်နိုင်သည့် ငွေရေးကြေးရေးစနစ်ပေါ်ပေါက်လာစေရန်တို့အတွက် နိုင်ငံပိုင်ဘဏ်များကို လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ရန် ဤစီမံအုပ်ချုပ်မှုအခြေခံမူကို ချမှတ်ခြင်းဖြစ်ပါသည်။

**အဖွဲ့အစည်းဆိုင်ရာအခြေခံမူ**

၂။ အဖွဲ့အစည်းဆိုင်ရာ အခြေခံမူအနေဖြင့် ပိုင်ရှင်ဖြစ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ဘဏ်ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်ပါသည် -

(က) **ပြည်ထောင်စုအစိုးရအဖွဲ့။** နိုင်ငံပိုင်ဘဏ်များ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ မူဝါဒများ၊ အနာဂတ်ရည်မှန်းချက်များနှင့် လုပ်ပိုင်ခွင့်များကို ချမှတ်ခြင်း၊ (ဤလုပ်ပိုင်ခွင့်များကို ပြည်ထောင်စုအစိုးရအဖွဲ့က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်နိုင်သည်)

(ခ) **ဒါရိုက်တာအဖွဲ့။** ဘဏ်အတွက်ချမှတ်ထားသည့် ရည်မှန်းချက်နှင့် လုပ်ပိုင်ခွင့်များကို အခြေခံ၍ မဟာဗျူဟာချမှတ်ခြင်း၊ မဟာဗျူဟာ အကောင်အထည်ဖော်မှုကို စီမံခန့်ခွဲခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများ စောင့်ကြည့်ကြပ်မတ်ခြင်း၊

(ဂ) **စီမံခန့်ခွဲရေးအဖွဲ့။** ဒါရိုက်တာအဖွဲ့မှ ချမှတ်ပေးသော မဟာဗျူဟာကို အကောင်အထည်ဖော်ရန် ဒါရိုက်တာအဖွဲ့ကိုယ်စား တာဝန်ခံဆောင်ရွက်ခြင်း။

## နိုင်ငံတော်၏ပိုင်ဆိုင်မှု

၃။ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နိုင်ငံပိုင်ဘဏ်များနှင့်ဆက်စပ်သည့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို တိကျစွာ သတ်မှတ်ပေးရမည်ဖြစ်ပြီး နိုင်ငံတော်၏ပိုင်ဆိုင်မှု အခန်းကဏ္ဍအတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) နိုင်ငံတော်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ နောင်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော အကျိုးစီးပွား ပဋိပက္ခနှင့် ဆုံးရှုံးမှုအန္တရာယ်တို့ကို ရှောင်ရှားနိုင်စေရန် မူဝါဒချမှတ်ခြင်းနှင့် ကြီးကြပ်ထိန်းကျောင်းမှု လုပ်ငန်းများကို ခွဲခြားသတ်မှတ်ခြင်း၊

(ခ) ရှယ်ယာတန်ဖိုးများ မြင့်တက်လာစေရန် နိုင်ငံတော်၏ ရရန်ပိုင်ခွင့် (Assets) များကို စီမံခန့်ခွဲခြင်း၊

(ဂ) ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများ တည်ဆောက်ခြင်း၊ အရင်းအမြစ်များ စီမံခန့်ခွဲခြင်းဖြင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပိုမိုကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စေခြင်း၊

(ဃ) နိုင်ငံပိုင်ဘဏ်များ၏ စီမံအုပ်ချုပ်မှု (Corporate Governance) စံနှုန်းတိုးတက်ကောင်းမွန်စေပြီး နိုင်ငံတော်၏ပိုင်ဆိုင်မှုအခန်းကဏ္ဍကို မြှင့်တင်ရန်၊

(င) နိုင်ငံပိုင်ဘဏ်များ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုကို ပိုမိုကောင်းမွန်သော ကြီးကြပ်ကွပ်ကဲခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်းတို့ဖြင့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို တိုးတက်ကောင်းမွန်စေခြင်း။

၄။ ရည်ရွယ်ချက်မှာ နိုင်ငံပိုင်ဘဏ်များအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝရှိစေရန်နှင့် အစိုးရအနေဖြင့် နိုင်ငံပိုင်ဘဏ်များ၏ စီမံခန့်ခွဲမှုတွင် ပါဝင်စွက်ဖက်မှုကို လျှော့ချနိုင်ရန် ဖြစ်ပါသည်။ အထက်ပါရည်ရွယ်ချက်အောင်မြင်ရန်အတွက် နိုင်ငံတော်သည် နိုင်ငံပိုင်ဘဏ်များအား ကြပ်မတ်ကွပ်ကဲမည်ဖြစ်သော်လည်း ဘဏ်၏ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့များအနေဖြင့် ၎င်းတို့အား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ရမည် ဖြစ်ပါသည်။

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အခန်းကဏ္ဍ

၅။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ တာဝန်လွှဲအပ်မှုဖြင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် နိုင်ငံပိုင်ဘဏ်များအတွက် မဟာဗျူဟာများချမှတ်ခြင်းကိစ္စ၊ ပြင်ဆင်ဖွဲ့စည်းခြင်းကိစ္စ၊ လုပ်ငန်းလည်ပတ်မှုကိစ္စတို့နှင့်စပ်လျဉ်း၍ ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့အား ၎င်း၏လုပ်ပိုင်ခွင့်များကို ခွဲဝေပေးလျက်ကြပ်မတ်ကွပ်ကဲရန် တာဝန်ရှိသည်။ ပိုင်ရှင်ဖြစ်သူ နိုင်ငံတော်၏အခွင့်အလမ်းများကို ညီညွတ်မျှတစေပြီး ဘဏ်တစ်ခုချင်းစီ၏ စီမံအုပ်ချုပ်မှု အလေ့အကျင့်ကောင်းများ မြှင့်တင်ရေး၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ရှိရေး၊ အကန့်အသတ်ဖြစ်နေသည့် စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များကို မြှင့်တင်ရေးတို့ကိုလည်း ဆောင်ရွက်ရမည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အခန်းကဏ္ဍ

၆။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် အောက်ပါတို့ကို ဆောင်ရွက်ရပါမည် -

(က) ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ၊ ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေတို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား နိုင်ငံပိုင်ဘဏ်များ (မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်) က လိုက်နာစေရန် ကြပ်မတ်ကွပ်ကဲခြင်း၊

(ခ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အား ၂၀၁၆ ခုနှစ် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ ကင်းလွတ်ခွင့်ပြုထားခြင်းမှပယ်ဖျက်၍ ယင်းဥပဒေနှင့်အညီ လိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတို့နှင့်အညီ နိုင်ငံပိုင်ဘဏ်များမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးအစီရင်ခံစာများ သတ်မှတ်ထားသည့်အတိုင်း ပေးပို့တင်ပြစေခြင်း။

## ဝန်ကြီးဌာနများမှ မူဝါဒချမှတ်သူများအဖြစ် ပူးပေါင်းဆောင်ရွက်ရေး

၇။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲခြင်း၊ ကဏ္ဍအလိုက် မူဝါဒများချမှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ ဖလှယ်ခြင်းတို့ကို ဆောင်ရွက်ရမည့်အပြင် ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီများကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ရမည်။

## ဒါရိုက်တာအဖွဲ့နှင့်တာဝန်ဝတ္တရားများ

၈။ ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းရာတွင် ရည်မှန်းချက်များပြည့်မီရန်အတွက် မဟာဗျူဟာများချမှတ်ရန်၊ မဟာဗျူဟာကို အကောင်အထည်ဖော်ရာတွင် ကြီးကြပ်ထိန်းကျောင်းနိုင်ရေးအတွက် ဆုံးဖြတ်ချက်များကို လွတ်လပ်စွာချမှတ်နိုင်ရန်နှင့် စီမံခန့်ခွဲမှုကို စောင့်ကြပ်ကြည့်ရှုနိုင်ရန် အရည်အချင်းပြည့်မီသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

၉။ ဒါရိုက်တာအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဒါရိုက်တာအဖွဲ့၊ ဘဏ်အမှုဆောင်အရာရှိများနှင့် စီမံခန့်ခွဲသူများမှ ကောင်းစွာသိရှိနားလည်ရမည်။ ဒါရိုက်တာအဖွဲ့သည် လုပ်ငန်းနှင့်မသက်ဆိုင်သည့် ဆုံးဖြတ်ချက်များ ဝင်ရောက်ချမှတ်ခြင်း မပြုရ။

၁၀။ စွမ်းဆောင်ရည်ပြည့်ဝသော ဒါရိုက်တာအဖွဲ့ဖြစ်စေရေးအတွက် ဒါရိုက်တာများသည် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင်ဖြစ်စေ၊ ဆုံးဖြတ်ချက်များချမှတ်ရာတွင်ဖြစ်စေ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ကြိုးပမ်းအားထုတ်လုပ်ကိုင်လျက် လုပ်ငန်းခွင်အလေ့အထ ကောင်းများ ဖန်တီးပေးရမည်။

## ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်များ အသိပေးထုတ်ပြန်မှု

၁၁။ နိုင်ငံပိုင်ဘဏ်များသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် တာဝန်ခံမှုအပြည့်အဝရှိစေရေးအတွက် ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက် အသိပေးထုတ်ပြန်မှုတို့ကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) နိုင်ငံပိုင်ဘဏ်များသည် ပြည်သူလူထု၏ အကျိုးစီးပွားကိုရှေးရှုဆောင်ရွက်ရသော အဖွဲ့အစည်းများဖြစ်သည့်အားလျော်စွာ နိုင်ငံတကာစာရင်းကိုင် စံချိန်စံညွှန်းများနှင့်အညီ ဘဏ္ဍာရေးရှင်းတမ်းများ ပြုစုထုတ်ပြန်ရန်နှင့် ဘဏ္ဍာရေးနှင့်မသက်ဆိုင်သည့် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ သတင်းအချက်အလက်များကိုလည်း စနစ်တကျ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ရမည်။

(ခ) တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ကောက်ယူနိုင်ရေး၊ အုပ်ချုပ်မှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု ထိရောက်မှန်ကန်ရေးတို့အတွက် လုပ်ထုံးလုပ်နည်းများ ရေးဆွဲထားရမည်။

(ဂ) နိုင်ငံပိုင်ဘဏ်များ၏ အစီရင်ခံတင်ပြမှုများနှင့်စပ်လျဉ်း၍ ယုံကြည်စိတ်ချရမှုနှင့် တိကျမှန်ကန်မှု အရည်အချင်းများ တိုးတက်မြင့်မားလာစေရန် သီးခြားလွတ်လပ်သော အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသူ၏ စစ်ဆေးမှုခံယူရမည်။

**နိဂုံး**

၁၂။ နိုင်ငံပိုင်ဘဏ်များသည် နိုင်ငံတကာစာရင်းကိုင်စံချိန်စံညွှန်းများနှင့်အညီ နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများ ရေးဆွဲပြုစုရမည်။ နှစ်ပတ်လည်အစီရင်ခံစာများကို သက်ဆိုင်ရာဘဏ်၏ ဝက်ဘ်ဆိုဒ်တွင် ထုတ်ပြန်ရမည်ဖြစ်ပြီး နှစ်ပတ်လည်အစီရင်ခံစာတွင် ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များသာမက ဘဏ္ဍာရေးနှင့်မသက်ဆိုင်သော သတင်းအချက်အလက်များဖြစ်သည့် ဘဏ်၏ရည်ရွယ်ချက်၊ လူမှုရေးနှင့် မူဝါဒဆိုင်ရာတာဝန်များ၊ ဘဏ်နှင့်ဆက်နွယ်သူများ၏ ဆောင်ရွက်ချက်များ၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုများ စသည်တို့ကို ထည့်သွင်းဖော်ပြရမည်။

စိုးဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
### အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း စသည့်လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် အမှတ် (၁/၂၀၁၇) ပါ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တင်ဒါကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — ဒုတိယဥက္ကဋ္ဌ (၁)
လူမှုဝန်ထမ်းဦးစီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — ဒုတိယဥက္ကဋ္ဌ (၂)
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — ဒုတိယဥက္ကဋ္ဌ (၃)
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(င) ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(စ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(ဆ) ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဇ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဈ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(ည) လက်ထောက်အတွင်းဝန် — အဖွဲ့ဝင်
အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ၊ ဝန်ကြီးရုံး

(ဋ) လက်ထောက်အတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ၊ ဝန်ကြီးရုံး

(ဌ) ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(ဍ) ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဎ) ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) — အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(ဏ) ဒုတိယအမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

အဆိုပါကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ကျပ် (၁၀) သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန် မလိုအပ်ဘဲ တင်ဒါကော်မတီအနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံးကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း။

(ခ) ကျပ် (၁၀) သန်းမှ ကျပ်သန်း (၁၀၀) ထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တ (၂) ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း။

(ဂ) ကျပ်သန်း (၁၀၀) အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လ ကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁) လ ကြိုတင်ကြော်ငြာနိုင်ရေး ဆောင်ရွက်ခြင်း။

(ဃ) နိုင်ငံတကာတင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေ မဖြစ်မနေသုံးစွဲရမည့်ကိစ္စများမှအပ ပြည်တွင်းတွင်ဝယ်ယူရရှိနိုင်မည့်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူခြင်း။

(င) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်းရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေး၊ ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း။

(စ) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း။

(ဆ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း။

(ဇ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ပေးခြင်း။

(ဈ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါအချက်များ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း။

(ည) နည်းပညာအရ မြင့်မားပြီး ရှုပ်ထွေးသည့်ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာ ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း။

(ဋ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း။

(ဌ) တင်ဒါ မအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း။

(ဍ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း။

(ဎ) နမူနာတောင်းခံရန်လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း။

(ဏ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) ပါ တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၂၄/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၁၉)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့တွင် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့အား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(၁) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (က) | ဒေါ်လဲ့လဲ့အေး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးညီညီနိုင် | လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးစွမ်းရည်ရ | ညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးစာမွေ့ | ဒုတိယညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးမျိုးနိုင်သင်း | လက်ထောက်ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါ်ဖြူလဲ့လဲ့ထွန်း | ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အတွင်းရေးမှူး |

**ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

(ခ) လုပ်ငန်းတစ်ခုချင်းအလိုက် ကြမ်းခင်းဈေးနှုန်းများသတ်မှတ်၍ တင်ဒါကော်မတီသို့ စုစည်းတင်ပြခြင်း၊

(ဂ) ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်းအတွက် ကြမ်းခင်းဈေးနှုန်းကိုတွက်ချက်ပြီး တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(ဃ) တင်ဒါကော်မတီက ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

(၂) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (က) | ဒေါက်တာထွန်းဇော် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးအုန်းလှိုင် | လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးကျော်မျိုးသန့် | ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ဝင်းဝင်းနွယ် | ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါ်မေနွယ်ကျော်ဇော | လက်ထောက်ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါ်ဖြူဖြူဝင်း | ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အတွင်းရေးမှူး (၁) |
| (ဆ) | ဦးညဏ်မြင့်အောင် | ညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အတွင်းရေးမှူး (၂) |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခ) တင်ဒါများစိစစ်အကဲဖြတ်ခြင်း၊

(ဂ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ ထည့်သွင်းစဉ်းစားခြင်း၊

(င) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(စ) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့်အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဆ) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(ဇ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများအလိုက် မှတ်တမ်းပြုစုထားခြင်း၊

(ဈ) တင်ဒါကော်မတီက ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

(၃) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | | |
|---|---|---|---|
| (က) | ဦးသန်းထွဋ်ဆွေ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်နီလာအေး | ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးစိုးလှိုင် | ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ထွေးကြည် | ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးကျော်စွာ | ဒုတိယညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးအောင်ဇော်မင်း | လက်ထောက်ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးရဲနိုင်ဝင်း | ဦးစီးအရာရှိ<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်အေးငြိမ်းသန့် | ဦးစီးအရာရှိ<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဝင်းထိန်ကျော် | ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အတွင်းရေးမှူး (၁) |
| (ည) | ဒေါ်သိမ့်သူဇာမြင့် | ဒုတိယညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အတွင်းရေးမှူး (၂) |

**အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကုမ္ပဏီတွင်ပါဝင်သော Professional Engineer ၊ Senior Registered Engineer နှင့် Registered Engineer အရေအတွက်နှင့် ၎င်းတို့၏လုပ်ငန်းအတွေ့အကြုံများကို စိစစ်ခြင်း၊

(ခ) ကုမ္ပဏီ၏ စက်၊ ယာဉ်၊ ယန္တရားလက်ဝယ်ပိုင်ဆိုင်မှုအခြေအနေကို စိစစ်ခြင်း၊

(ဂ) ကုမ္ပဏီ၏ ငွေကြေးလည်ပတ်မှုအခြေအနေများကို စိစစ်ခြင်း၊

(ဃ) ကုမ္ပဏီ၏ယခင်ဆောင်ရွက်ခဲ့သောလုပ်ငန်းအတွေ့အကြုံများနှင့် အောင်မြင်မှုများကို စိစစ်ခြင်း၊

(င) ယခင်ဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနများ၏ထောက်ခံချက်၊ ကန့်ကွက်ချက်နှင့် မှတ်ချက်များ ရှိ မရှိ စိစစ်ခြင်း၊

(စ) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက အသိအမှတ်ပြုထားသည့် လက်ရှိကုမ္ပဏီ၏ အဆင့်အတန်းကို စိစစ်ခြင်း။

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) ပါ တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၂၅/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၁၉)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့တွင် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပစ္စည်းဝယ်ယူရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့ကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများ အတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့အား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည် -

(၁) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (က) | ဦးအောင်ကျော်မိုး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်နွဲ့ယဉ်အေး | လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးခင်ထွန်း | ညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါ်စောမြင့်အေး | လက်ထောက်ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးလွင်ဦး | ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန | အတွင်းရေးမှူး |

**ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဝယ်ယူမည့်ပစ္စည်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

(ခ) လိုအပ်သောပစ္စည်း၏အရည်အသွေး၊ အမျိုးအစား၊ အသုံးပြုမည့်ရည်ရွယ်ချက် စသည်တို့နှင့် လိုက်လျောညီထွေသည့် နမူနာပုံစံ၊ ဒီဇိုင်း၊ နမူနာပစ္စည်း စသည်တို့ကို ပြင်ဆင်ခြင်း၊ ရွေးချယ်ခြင်း၊ ရေးဆွဲခြင်း၊

(ဂ) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသောနမူနာပစ္စည်း အမျိုးအစားအလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်း၏ အရည်အသွေးနှင့် ကိုက်ညီမည့် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊

(ဃ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါ ကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(င) တင်ဒါဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသော ပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(စ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

(၂) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (က) | ဦးနေဝင်း | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ခင်မေနု | လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |

(ဂ) ဒေါက်တာမင်းသိဏ်း ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဃ) ဒေါ်သင်းသင်းခိုင် ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(င) ဦးနိုင်လင်း လက်ထောက်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(စ) ဒေါ်နီလာထွန်း ညွှန်ကြားရေးမှူး အတွင်းရေးမှူး (၁)
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဆ) ဦးသက်ဦး ဒုတိယညွှန်ကြားရေးမှူး အတွင်းရေးမှူး (၂)
လူမှုဝန်ထမ်းဦးစီးဌာန

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခ) တင်ဒါများစိစစ်အကဲဖြတ်ခြင်း၊

(ဂ) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူပြင်ဆင်ခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိနှင့် သက်ဆိုင်ရာ ဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိတို့ကို ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

(င) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများ အလိုက် မှတ်တမ်းပြုစုခြင်း၊

(ဆ) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့်အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဇ) တင်ဒါကော်မတီက ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

(၃) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(က) ဒေါ်ရူပါမြ ဒုတိယညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
လူမှုဝန်ထမ်းဦးစီးဌာန

(ခ) ဒေါ်မီမီသွယ် လက်ထောက်အတွင်းဝန် အဖွဲ့ဝင်
ဝန်ကြီးရုံး

(ဂ) ဒေါက်တာအောင်သူရိန် ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

(ဃ) ဒေါ်မူမူဆွေ လက်ထောက်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(င) ဦးဇော်လင်းထိုက် လက်ထောက်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန

(စ) ဒေါ်ဆွေဆွေလင်း ညွှန်ကြားရေးမှူး အတွင်းရေးမှူး (၁)
လူမှုဝန်ထမ်းဦးစီးဌာန

(ဆ) ဦးသန်းနိုင်စိုး ဌာနမှူး အတွင်းရေးမှူး (၂)
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

**အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) တင်သွင်းသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းအလိုက် အရည်အသွေးများကို စိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ဝယ်ယူမည့် ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများထုတ်ပေးခြင်း၊

(င) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့်နှစ်၊ ထုတ်လုပ်သည့်ကုမ္ပဏီများအပေါ်အခြေခံ၍ စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(ဆ) တင်ဒါကော်မတီက ပေးအပ်သည့်တာဝန်များအား ဆောင်ရွက်ခြင်း။

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) ပါ တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၂၆/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာဝင်းမြတ်အေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

အမှတ် ၁၃၅ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီမံရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (ဥပဒေအရာရှိအဆင့်-၁) ဒေါ်ခင်လေးမြင့် ဥ/၁၆၁၅ အား အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးပြီးနောက် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

အမှတ် ၁၃၇ ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ အထွေထွေဥပဒေ အကြံဉာဏ်ပေးရေးဌာနခွဲမှ အစမ်းခန့် ဦးစီးအရာရှိ ဒေါ်တင်မာစိုး (ဥ/၃၆၅၆) ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

အမှတ် ၁၄၀ ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၇၂ အရ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့

ညနေပိုင်းအထိ အငြိမ်းစားယူရန်ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို ငြင်းပယ်ထားသော ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီမံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမြင့်အောင် (ဥ/၂၁၆၇) အား အဆိုပါ ငြင်းပယ်ထားသော အငြိမ်းစားယူရန်ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါခွင့်ကုန်ဆုံးပြီးနောက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၁၄၁ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁) ဦးမြင့်အောင် ဥ/၂၃၇၁ အား အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးပြီးနောက် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၄၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

**အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူများကို စာရင်းစစ်အဖြစ်ခန့်အပ်ခြင်း အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ သဘောတူညီချက်ရယူရန် လိုအပ်သည့်ကိစ္စရပ်များထုတ်ပြန်ခြင်း**

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) နှင့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၁၀၂၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဌ) တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် **လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူတို့၏ တာဝန်၊ ကျင့်ဝတ်သိက္ခာ၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်းများပြုလုပ်နိုင်သည်** ဟုလည်းကောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄၅-က တွင် **ပုဒ်မ ၅၁ အရ မှတ်ပုံတင်ထားသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်နှင့် လိုအပ်ချက်များအရ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ညှိနှိုင်းလာပါက လုပ်ငန်းနှင့်စာရင်းများကို စစ်ဆေးနိုင်သည်** ဟုလည်းကောင်း၊ ပုဒ်မ ၈၈-ခ တွင် **မည်သူမျှ ပြည်ထောင်စု စာရင်းစစ်ချုပ်၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းနှင့် စာရင်းများကို စစ်ဆေးခြင်း မပြုရ** ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၃။ လက်ရှိမျက်မှောက်ကာလတွင် အစိုးရဌာနအဖွဲ့အစည်းများသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်း/ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု (Joint Operation)၊ လုပ်ငန်းလုပ်ပိုင်ခွင့် ရယူဆောင်ရွက်မှု (Franchise)၊ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (Public-Private-Partnership)၊ အသွင်ဖြင့် **အဆင်သင့်ဖြစ်စေရန် စီစဉ်မှုအတွက် ငွေပေးချေမှု (Availability Payment)၊ တည်ဆောက်-ပိုင်ဆိုင်-လုပ်ငန်းဆောင်ရွက် [Build-Own-Operate (BOO)]၊ တည်ဆောက်-လုပ်ငန်းဆောင်ရွက်-**

**လွှဲပြောင်း [Built-Operate-Transfer (BOT)]၊ တည်ဆောက်-လွှဲပြောင်း-ငှားရမ်း [Built-Transfer-Lease (BTL)]၊ တည်ဆောက်-လွှဲပြောင်း-လုပ်ငန်းဆောင်ရွက် [Build-Transfer-Operate (BTO)]၊ လုပ်ငန်းဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှု [Operation and Management (O & M)]၊ နှင့် အခြား အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ အမျိုးအစားများ** စသည့် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ပြည်ထောင်စုဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီတို့သည် အထက် အပိုဒ် ၃ တွင် ဖော်ပြထားသည့် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလည်းကောင်း၊ ပြည်ပချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းများကိုလည်းကောင်း မြန်မာနိုင်ငံစာရင်း ကောင်စီတွင် မှတ်ပုံတင်ထားသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူကို စာရင်းစစ်အဖြစ် ဆောင်ရွက်စေမည်ဆိုပါက မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေပုဒ်မ ၄၅-က နှင့် ပုဒ်မ ၈၈-ခ တို့အရ ပြည်ထောင်စု စာရင်းစစ်ချုပ်၏ ခွင့်ပြုချက်ရယူထားသည့် စာရင်းစစ်အား ခန့်အပ်ရမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၅၁ အရ မှတ်ပုံတင်ထားသည့် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူများသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းနှင့်စာရင်းများကို စစ်ဆေးနိုင်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ခွင့်ပြုချက်ရယူရာတွင် မိမိတို့အား ခန့်ထားမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ပြည်ထောင်စုဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီတို့မှတစ်ဆင့် တင်ပြဆောင်ရွက်ရမည် ဖြစ်ပါသည်။

၆။ ခန့်အပ်ခြင်းခံရသည့် စာရင်းစစ်ကို ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူသည် စာရင်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သလို ညွှန်ကြားခြင်း၊ စာရင်းစစ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ခေါ်ယူဆွေးနွေးခြင်း၊ မေးမြန်းခြင်း၊ ပြင်ဆင်ဖြည့်စွက်စေခြင်းနှင့် စာရင်းစစ်လုပ်ဆောင်မှုစာတွဲများ တောင်းယူကြည့်ရှုစစ်ဆေးခြင်းတို့အပြင် ယင်းတို့စစ်ဆေးထားသည်များကို လိုအပ်ပါက ထပ်မံစစ်ဆေးပိုင်ခွင့် ရှိကြောင်း ထုတ်ပြန်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၄၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

## ပြည်သူပိုင်သိမ်း အဆောက်အအုံ/အခန်းကို အပြီးအပိုင်လွှဲပြောင်းပေးအပ်ခြင်း

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၉) ၏ အတည်ပြုချက်အရ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးလက်ဝယ်ရှိအောက်ပါ ပြည်သူပိုင်သိမ်း အဆောက်အအုံ/အခန်းကို အဘ ဦးအေးအောက်စ်အာလာဒင်၏ သား/သမီးများဖြစ်သည့် ဒေါ်သန်းသန်းဦး (ကွယ်လွန်)၊ ဒေါ်ညိန်းညိန်း (ခ) ဒေါ်ငြိမ်းငြိမ်းဝင်း [၁၂/အစန (နိုင်) ၁၀၇၇၈၄]၊ ဒေါ်အုန်းတင် [၁၁/မဉန (နိုင်) ၀၀၄၇၈၁]၊ ဒေါ်စန်းမြင့် [၁၂/ပဘတ (နိုင်) ၀၁၅၈၄၅]၊ ဦးမျိုးဝင်း [၁၂/တမန (နိုင်) ၀၆၅၇၂၃] သို့ လွှဲပြောင်းခြင်းပုံစံဖြင့် အပြီးအပိုင် လွှဲပြောင်းပေးအပ်လိုက်သည်။

ပဲခူးမြို့၊ မင်းလမ်းရှိ အမှတ်-၁၀၇ (ယခင်-၆၇)၊ အဆောက်အဦ၏တစ်စိတ်တစ်ပိုင်း

| | | |
|---|---|---|
| အပေါ်ထပ် | - | အလျား ၆၀ ပေ၊ အနံ ၃၀ ပေ |
| အောက်ထပ် | - | အလျား ၁၁ ပေ၊ အနံ ၂၁ ပေ |
| | | အလျား ၂၁ ပေ၊ အနံ ၁၉ ပေ |
| | | အလျား ၂၈ ပေ၊ အနံ ၃၀ ပေ |

မော်သန်း

ပြည်ထောင်စုစာရင်းစစ်ချုပ်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| **စဉ်** | **အမည်** | **ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|---|
| (က) | ဦးမျိုးအောင် | အမြဲတမ်းအတွင်းဝန် | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးမင်းမင်းဇော် | ဌာနကြီးမှူး (မြို့/မြေ) | ဒုတိယအဖွဲ့ခေါင်းဆောင် |
| (ဂ) | ဦးစိုးဝင်း | ဌာနကြီးမှူး (စီမံ) | အဖွဲ့ဝင် |
| (ဃ) | ဦးအေးကိုကို | ဌာနကြီးမှူး (ကျန်းမာရေး) | အဖွဲ့ဝင် |
| (င) | ဦးစိုးဟန် | ဌာနကြီးမှူး (ထုတ်လုပ်ရေး) | အဖွဲ့ဝင် |
| (စ) | ဦးတင်အောင်ငွေ | ဌာနကြီးမှူး (အင်ဂျင်နီယာ) | အဖွဲ့ဝင် |
| (ဆ) | ဦးထွန်းနိုင် | ဒုတိယအမြဲတမ်းအတွင်းဝန် မြို့တော်ဝန်ရုံး | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ခင်မြတ်လေး | ဌာနမှူး၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်နီနီခင် | ဌာနမှူး၊ စစ်ဆေးရေးဌာန | အတွင်းရေးမှူး |
| (ည) | ဦးသိန်းဆန်း | ဒုတိယဌာနမှူး၊ စစ်ဆေးရေးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အဂတိလိုက်စားနိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆန်းစစ်လေ့လာခြင်း၊

(ခ) ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုနှင့်သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊

(ဂ) တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်၊

(ဃ) အဂတိလိုက်စားမှု ဖြစ်ပေါ်လာပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန်နှင့် ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန်၊

(င) အဂတိလိုက်စားမှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်တားဆီးကာကွယ်နိုင်ရေး အသိပညာပေးဆောင်ရွက်ရန်၊

(စ) အဂတိလိုက်စားမှုဆိုင်ရာ တိုင်ကြားလာမှုများနှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေအားသတင်းထုတ်ပြန်ရန်၊

(ဆ) တိုင်ကြားစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(ဇ) အဂတိလိုက်စားမှုပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ရန်၊

(ဈ) လိုအပ်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းဆောင်ရွက်ရန်၊

(ည) အဂတိလိုက်စားမှုပြုရန် အခွင့်သာစေသည့် စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်နိုင်ရေးအတွက် စိစစ်တင်ပြဆောင်ရွက်ရန်၊

(ဠ) အဂတိလိုက်စားသောပြစ်မှု လုံးဝမကျူးလွန်မိစေရန် ဌာနများ၌ အဂတိလိုက်စားမှုပြဿနာ ပေါ်ပေါက်နိုင်သော အခြေအနေများကို ကြိုတင်စိစစ်ဖော်ထုတ်ရန်၊

(ဣ) အဖွဲ့၏ဆောင်ရွက်မှုအစီရင်ခံစာကို နိုင်ငံတော်သမ္မတရုံးသို့ လိပ်မူပေးပို့ပြီး နေပြည်တော်ကောင်စီ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးပို့ဆောင်ရွက်ရန်၊

(ဍ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံချက် (Action Plan) များကို ရေးဆွဲအကောင်အထည်ဖော်ရန်၊

(ဎ) အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment) ကို ဆောင်ရွက်ရန်၊

(ဏ) အဖွဲ့၏လုပ်ငန်းတာဝန်များကို အောက်ခြေအထိ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အတွက် သက်ဆိုင်ရာဌာနအလိုက် အထောက်အကူပြုအဖွဲ့ငယ်များ ထပ်မံဖွဲ့စည်းပေးရန်၊

(တ) ကော်မတီမှ ဖွင့်လှစ်လျက်ရှိသော သင်တန်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးကို ဘာသာရပ် (၁) ခုအဖြစ် သင်တန်းချိန်ထည့်သွင်း၍ သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ရန်၊

(ထ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းနှင့် သဘောသဘာဝချင်းတူညီသော အခြား အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဒ) အဖွဲ့၏ဆောင်ရွက်ချက်များကို မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့သို့ လစဉ် အစီရင်ခံတင်ပြပြီး နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံစာ ပေးပို့တင်ပြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးရန်၊

(ဓ) မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့မှ တာဝန်ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ရန်။

## အမိန့်ကြော်ငြာစာ (၃၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးဇော်ဝင်း အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၃၉/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာနမှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) ဒေါ်နှင်းမာ အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့မှစတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဘိလပ်မြေစက်ရုံ (နေပြည်တော်) မှ လက်ထောက် စက်ရုံမှူး (ဒု-ညွှန်ကြားရေးမှူး) ဦးဝင်းနိုင် အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့မှ စတင် ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဘီလပ်မြေစက်ရုံ (နေပြည်တော်) မှ လက်ထောက် စက်ရုံမှူး (ဒု-ညွှန်ကြားရေးမှူး) ဦးဝင်းခိုင် အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှ စတင် ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးအောင်

မြို့တော်ဝန်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရ

## စည်ပင်သာယာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အမှတ်စဉ် (၃၅/၂၀၁၉) ဆုံးဖြတ်ချက်အပိုဒ် (၈၅) အရ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဦးကြည်တင် (ရ-၁) ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အား ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ အလုပ်စတင် ဝင်ရောက်သည့်နေ့မှစ၍ အစမ်း (၁) နှစ် တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၉)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အမှတ်စဉ် (၃၅/၂၀၁၉) ဆုံးဖြတ်ချက်အပိုဒ် (၈၅) အရ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဦးတင်မောင်မြင့် (ရ-၀၂) ဒုတိယအင်ဂျင်နီယာမှူးကြီး၊ လစာနှုန်း (၃၄၁,၀၀၀- ၄,၀၀၀-၃၆၁,၀၀၀) အား ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ အလုပ်စတင် ဝင်ရောက်သည့်နေ့မှစ၍ အစမ်း (၁) နှစ်တိုးမြှင့်ခန့်ထားလိုက်သည်။

မောင်မောင်စိုး

ဝန်ကြီး

စည်ပင်သာယာရေးဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက် ( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၉) ၏ သဘောတူညီချက်အရ ပြည်ထောင်စုလွှတ်တော်ရုံးမှ အောက်ပါဒုတိယဦးစီးမှူး ၅ ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး ယှဉ်တွဲဖော်ပြပါဌာနစုများတွင် တာဝန်ချထားလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးမင်းမင်းထိုက် | ဌာနကြီး (၃)၊ ဌာနခွဲ (၁၃)၊ ဌာနစု (၂၅) |
| (၂) | ဒေါ်စုစုဟန် | ဌာနကြီး (၁)၊ ဌာနခွဲ (၂)၊ ဌာနစု (၃) |
| (၃) | ဒေါ်ဝင့်ဝင့်အောင်ခင် | ဌာနကြီး (၁)၊ ဌာနခွဲ (၂)၊ ဌာနစု (၄) |
| (၄) | ဒေါ်သင်းသင်းမိုး | ဌာနကြီး (၁)၊ ဌာနခွဲ (၁)၊ ဌာနစု (၁) |
| (၅) | ဒေါ်ချမ်းမြသူ | ဌာနကြီး (၁)၊ ဌာနခွဲ (၄)၊ ဌာနစု (၇) |

### အမိန့်ကြော်ငြာစာအမှတ် (၁၃၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

၁။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၁၉) ကို ရည်ညွှန်း၍ အောက်ပါဦးစီးအရာရှိ ၅ ဦးသည် အလုပ်ဝတ္တရားများကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့ (နံနက်ပိုင်း) မှစ၍ လက်ခံဆောင်ရွက်ပါသည် -

(က) ဦးမင်းမင်းထိုက်

(ခ) ဒေါ်စုစုဟန်

(ဂ) ဒေါ်ဝင့်ဝင့်အောင်ခင်

(ဃ) ဒေါ်သင်းသင်းမိုး

(င) ဒေါ်ချမ်းမြသူ

၂။ အဆိုပါ အရာထမ်းများအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးတွင် ကနဦးလစာ ၂၇၅,၀၀၀/- ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၅၁ အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့ (နံနက်ပိုင်း) မှစ၍ ခံစားခွင့်ပြုလိုက်သည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး

## (ကြည်းတပ်ဌာနစု)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

အမှတ် ၁၂၃/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၀၁) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | | |
|---|---|---|---|---|
| (၁) | ကျော်ရွှေ | ကြည်း | ၇၄၆၉၅ | ၄-၁၀-၂၀၁၉ |
| (၂) | မော်စီ | ကြည်း | ၇၄၆၉၆ | ၁၂-၁၀-၂၀၁၉ |
| (၃) | ဆန်းထွန်းဦး | ကြည်း | ၇၄၆၉၇ | ၁၄-၁၀-၂၀၁၉ |
| (၄) | ကျော်ကျော်ထူး | ကြည်း | ၇၄၆၉၈ | ၁၄-၁၀-၂၀၁၉ |

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

အမှတ် ၁၂၄/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၀၁) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ဝင်းဌေး | ကြည်း | ၇၄၆၉၉ |
| (၂) | ထွန်းလင်း | ကြည်း | ၇၄၇၀၀ |

## (ရေတပ်ဌာနစု)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

အမှတ် ၇/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၀၁) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့မှ အစပြု၍ တပ်မတော် (ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ် လိုက်သည် -

လှသိန်းထွန်း ရေ ၅၇၇၆

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

အမှတ် ၁ ။ ။ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ရာထူးတိုး)/ ၂၀၁၉ (၂၅၉၃၄) နှင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၉) ၏ သဘောတူညီချက်အရ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး (သင်ရိုး) ဒေါ်ခင်သန္တာဝင်း အား လစ်လပ်လျက်ရှိသော သင်ရိုးညွှန်းတမ်းဗဟိုဌာန၊ ဦးစီးအရာရှိ (သင်ရိုး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာဝင်းထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန။

# ပြည်တွင်းအခွန်များဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၆၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေ (Tax Administration Law) ပုဒ်မ ၈၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ယင်းဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့်အညီ ညွှန်ကြားရေးမှူးချုပ်အား အပ်နှင်းထားသည့် အောက်ဖော်ပြပါပုဒ်မများပါ လုပ်ငန်းတာဝန် သို့မဟုတ် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ယှဉ်တွဲပါအခွန်ဝန်ထမ်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တည်ဆဲရာထူးတာဝန်တစ်ရပ်ရပ်သို့ လွှဲအပ်လိုက်သည် -

| စဉ် | လွှဲအပ်ခြင်းခံရသည့် ရာထူးအမည် | | လွှဲအပ်သည့်လုပ်ငန်း တာဝန်/ လုပ်ပိုင်ခွင့်များ |
|---|---|---|---|
| | အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | အခွန်ရုံးမှ အခွန် စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | |
| ၁ | ဌာနခွဲညွှန်ကြားရေးမှူးများ၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ | ဌာနခွဲ ညွှန်ကြားရေးမှူးများ၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ဌာနမှူးများ၊ ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၅ အရ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံအုပ်ချုပ်ခြင်းနှင့် ကျင့်သုံးဆောင်ရွက်ခြင်း |
| ၂ | ညွှန်ကြားရေးမှူး (ဦးစီးရုံးဌာနခွဲ) | ညွှန်ကြားရေးမှူး (ဦးစီးရုံးဌာနခွဲ) | ပုဒ်မ ၈ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်ထမ်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ထုတ်ဖော်ခြင်း |
| ၃ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဌာနမှူးများ၊ ဌာနစုမှူးများ (အခွန်ထမ်းရေးရာဌာနစု၊ အခွန်ထမ်းလိုက်နာမှုစိစစ်ရေးဌာနစု) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၉ အရ အခွန်ထမ်းမှတ်ပုံတင်အမှတ်ဆိုင်ရာကိစ္စများဆောင်ရွက်ခြင်း |
| ၄ | ညွှန်ကြားရေးမှူး (အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ)၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနစုမှူးများ | ညွှန်ကြားရေးမှူး (အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ)၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၁၀ အရ အခွန်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးခြင်း |
| ၅ | ဌာနခွဲညွှန်ကြားရေးမှူးများ၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး/ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဌာနစုမှူးများ၊ အခွန်မှူးများ | ဌာနခွဲညွှန်ကြားရေးမှူးများ၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဌာနစုမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ၊ အခွန်မှူးများ၊ | ပုဒ်မ ၁၄ အရ အခွန်ထမ်းနှင့် အခြားပုဂ္ဂိုလ်များကို ဆက်သွယ်ခြင်း |

| စဉ် | လွှဲအပ်ခြင်းခံရသည့် ရာထူးအမည် | | လွှဲအပ်သည့်လုပ်ငန်း တာဝန်/ လုပ်ပိုင်ခွင့်များ |
|---|---|---|---|
| | အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | အခွန်ရုံးမှ အခွန် စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | |
| ၆ | ဌာနခွဲညွှန်ကြားရေးမှူးများ၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဌာနမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဌာနစုမှူးများ၊ အခွန်မှူးများ | ဌာနခွဲညွှန်ကြားရေးမှူးများ၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဌာနစုမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ၊ အခွန်မှူးများ | ပုဒ်မ ၂၀ (ဃ) အရ မှတ်တမ်းနှင့် စာရင်းများကို ဘာသာပြန်ဆိုရန် တောင်းဆိုပိုင်ခွင့် |
| ၇ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဒုတိယညွှန်ကြားရေးမှူးများ၊ ဌာနစုမှူးများ၊ (အခွန်ထမ်းရေးရာဌာနစု) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဒုတိယညွှန်ကြားရေးမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မခွဲ ၂၂ (စ) အရ အခွန်ကြေညာလွှာနှင့်သက်ဆိုင်သည့် ကိစ္စရပ်များဆောင်ရွက်ခြင်း |
| ၈ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဒုတိယညွှန်ကြားရေးမှူးများ | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဒုတိယညွှန်ကြားရေးမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၂၄ အရ အခွန်ကြေညာလွှာ တင်သွင်းရမည့် အချိန်ကာလ တိုးမြှင့်သတ်မှတ်ခြင်း |
| ၉ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ ဌာနစုမှူး (အခွန်စာရင်းစစ်ဌာနစု) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဌ) နှင့် (ဍ) အရ အခြေပစ္စည်းများနှင့် ရရန်ပိုင်ခွင့်များကို ကြည့်ရှုစစ်ဆေးခွင့် ကိစ္စများ ဆောင်ရွက်ခြင်း |
| ၁၀ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ ဌာနစုမှူးများ (အခွန်စာရင်းစစ်ဌာနစု၊ အခွန်ဆိုင်ရာအချက်အလက်များစိစစ်ရေးဗဟိုဌာန) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၂၇၊ ၂၈၊ ၂၉ အရ အခွန်စည်းကြပ်ခြင်းဆိုင်ရာကိစ္စများ ဆောင်ရွက်ခြင်း |
| ၁၁ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ | ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးများ/ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၃၀၊ ၃၂ အရ အခွန်စည်းကြပ်ခြင်းဆိုင်ရာကိစ္စရပ်များ |
| ၁၂ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ ဌာနစုမှူး (အခွန်ကောက်ခံမှုဌာနစု) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ) အရ အငြင်းပွားမှုရှိသော အခွန် ပမာဏအတွက် အာမခံတင်သွင်းရန် အခွန်ထမ်းအားတောင်းဆိုခြင်း |

| စဉ် | လွှဲအပ်ခြင်းခံရသည့် ရာထူးအမည် | | လွှဲအပ်သည့်လုပ်ငန်း တာဝန်/ လုပ်ပိုင်ခွင့်များ |
|---|---|---|---|
| | အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | အခွန်ရုံးမှ အခွန် စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ | |
| ၁၃ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဌာနမှူးများ၊ ဌာနစုမှူး (အခွန်ကောက်ခံမှုဌာနစု) | အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) အရ ကိုယ်စားပြုသူအဖြစ် သတ်မှတ်ကြောင်း ကြေညာခြင်း |
| ၁၄ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဌာနမှူးများ၊ ဌာနစုမှူး (အခွန်ကောက်ခံမှုဌာနစု) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဂ) အရ ကုမ္ပဏီ၏ အစုရှယ်ယာရှင်ဖြစ်ခဲ့သူထံမှ ကုမ္ပဏီက ပေးဆောင်ရမည့်အခွန်ကို ကောက်ခံခြင်း |
| ၁၅ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ ဌာနစုမှူးများ (အခွန်ဆိုင်ရာအချက်အလက်များစိစစ်ရေးဗဟိုဌာန၊ စီမံရေးရာဌာနစု) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၄၃ နှင့် ၄၈၊ ပုဒ်မခွဲ (ဂ) အရ ပြန်အမ်းခြင်း |
| ၁၆ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဒုတိယညွှန်ကြားရေးမှူးများ | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဒုတိယညွှန်ကြားရေးမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၄၄ အရ အခွန်ပေးဆောင်ရမည့်ရက် တိုးမြှင့်ပေးပိုင်ခွင့်နှင့် ပုဒ်မ ၄၅ အရ အခွန်ပေးဆောင်ရန်တောင်းခံသည့် အကြောင်းကြားစာ ပေးပို့ခြင်း |
| ၁၇ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ ဌာနစုမှူးများ (အခွန်ဆိုင်ရာအချက်အလက်များစိစစ်ရေးဗဟိုဌာန၊ အခွန်ကောက်ခံမှုဌာနစု) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၄၆ (ခ) အရ အခွန်ပေးဆောင်မှုသည် စည်းကြပ်ပြီးခဲ့သော မည်သည့်အခွန်အမျိုးအစားဖြစ်ကြောင်း သတ်မှတ်ခြင်း |
| ၁၈ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူးများ၊ ဌာနစုမှူး (အခွန်ကောက်ခံမှုဌာနစု) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၅၂၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၃ ပါ အခွန်အရ ကောက်ခံသည့်ကိစ္စရပ်များဆောင်ရွက်ခြင်း |
| ၁၉ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ ဌာနမှူးများ၊ ဌာနစုမှူးများ (အခွန်ဆိုင်ရာအချက်အလက်များစိစစ်ရေးဗဟိုဌာန၊ အခွန်စာရင်းစစ်ဌာနစု၊ အခွန်ကောက်ခံမှုဌာနစု) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၆၄ အရ ဒဏ်ကြေးငွေဆိုင်ရာ ယေဘုယျပြဌာန်းချက်များဆောင်ရွက်ခြင်း (ပုဒ်မခွဲ ဈ မှအပ) |

| စဉ် | လွှဲအပ်ခြင်းခံရသည့် ရာထူးအမည် | | လွှဲအပ်သည့်လုပ်ငန်း တာဝန်/ လုပ်ပိုင်ခွင့်များ |
|---|---|---|---|
| | **အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ** | **အခွန်ရုံးမှ အခွန် စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများ** | |
| ၂၀ | အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး/အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၏ ဌာနမှူးများ၊ ဌာနစုမှူးများ | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ဌာနမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ | ပုဒ်မ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀ (က) (ခ)၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄ အရ ဒဏ်တပ်ရိုက်ခြင်းနှင့် သက်ဆိုင်သည့်ကိစ္စများအားဆောင်ရွက်ခြင်း |
| ၂၁ | ညွှန်ကြားရေးမှူး (အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ) | ညွှန်ကြားရေးမှူး (အခွန်ဆိုင်ရာကြီးကြပ်ရေးဌာနခွဲ) | ပုဒ်မ ၇၀ (ဂ) အရ ဒဏ်ကြေးငွေချမှတ်ခြင်းမှ သက်သာခွင့်ပြုခြင်း |

၂။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးတို့မှ ဌာနမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးတို့သည် သက်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းတာဝန်များအား ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

မင်းထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်တွင်းအခွန်များဦးစီးဌာန။

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၂၉၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

အောက်ဖော်ပြပါ ဦးစီးအရာရှိများအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် စာရင်းစစ်ချုပ်ရုံး/ စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ လက်ထောက်ညွှန်ကြားရေးမှူးများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်လိုက်သည့်ရုံး |
|---|---|---|---|---|
| ၁။ | ဒေါ်စန်းစန်း | ၈၉၂၇ | မကွေး | မကွေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်မျိုးမျိုးခိုင် | ၈၉၅၆ | ဗဟန်း | စစ်ဆေးရေးဦးစီးဌာန |
| ၃။ | ဦးစိုးညွန့်အောင် | ၈၅၈၈ | မကွေးတိုင်းဒေသကြီး | ချင်းပြည်နယ် (ရုံးအဖွဲ့) |

### အမိန့်ကြော်ငြာစာအမှတ် (၃၂၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

အောက်ဖော်ပြပါ စာရင်းစစ် (၁) များအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ဦးစီးအရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်လိုက်သည့်ရုံး |
|---|---|---|---|---|
| ၁။ | ဒေါ်ခင်စန်းယု | ၈၈၄၀ | မံစီ | ဂန့်ဂေါ |
| ၂။ | ဒေါ်ဝေဝေသန်း | ၇၅၃၁ | စစ်ဆေးရေးဦးစီးဌာန | ဧရာဝတီတိုင်းဒေသကြီး |

နိုင်သက်ဦး၊
အမြဲတမ်းအတွင်းဝန်၊
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

In the matter of the Myanmar Companies Law (2017)

**BAGAN BUNGALOWS DEVELOPMENT COMPANY LIMITED**

(In Members Voluntary Winding-up)

Notice of Special Resolutions pursuant to section 348

At the Special General Meeting of the Members of the Company held No. B/606, Yatanar Housing, Yatanar Road, (13) Quarter, South Okkalapa Township, Yangon Region, on 20th November 2019 the following, "Special Resolutions" were passed:

**Special Resolutions : -**

1. That the Company be voluntarily wound-up by the members with effect from 20th November 2019.

2. That Daw Khin Saw Yu, "Certified Public Accountants, Auditors and Financial Consultants, JF Group", be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company with the assistance of the members of the Company to such extent and for such period as may be necessary only for the beneficial winding-up thereof and is granted such other powers as may be deemed fit or proper and to final winding-up the Company in voluntarily.

3. That all persons claiming to be creditors of the above Company are, requested to submit details of their claims for review together with any strong documentary evidence in their possession, to the Liquidator at No.49/51, (7th Floor), 2nd Street, Lanmadaw Township, Yangon Region, before 20th December 2019.

U Aung Kyaw
Director
Bagan Bungalows Development Co., Ltd

Khin Saw Yu
[B.Com, (Q), CPA]
Liquidator
Certified Public Accountants and Auditors

In the matter of the Myanmar Companies Law (2017)

**BAGO JUNCTION COMPANY LIMITED**

(In Members Voluntary Winding-up)

Notice of Special Resolutions pursuant to section 348

At the Special General Meeting of the Members of the Company held No. B/606, Yatanar Housing, Yatanar Road, (13) Quarter, South Okkalapa Township, Yangon Region, on 20th November 2019 the following, "Special Resolutions" were passed:

**Special Resolutions : -**

1. That the Company be voluntarily wound-up by the members with effect from 20th November 2019.
2. That Daw Me Me Kyaw, "Certified Public Accountants, Auditors and Financial Consultants, JF Group", be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company with the assistance of the members of the Company to such extent and for such period as may be necessary only for the beneficial winding-up thereof and is granted such other powers as may be deemed fit or proper and to final winding-up the Company in voluntarily.
3. That all persons claiming to be creditors of the above Company are, requested to submit details of their claims for review together with any strong documentary evidence in their possession, to the Liquidator at No.49/51, (7th Floor), 2nd Street, Lanmadaw Township, Yangon Region, before 20th December 2019.

U Aung Kyaw
Director
Bago Junction Co., Ltd

Me Me Kyaw
[B.Com, (Q), CPA]
Liquidator
Certified Public Accountant & Auditor

**YANGON ZARMANI TRADING COMPANY LIMITED**

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ အရ ဖျက်သိမ်းဆဲ **Yangon Zarmani Trading Company Limited** ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်ရာ အစုရှင်များသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်၊

ကျင်းပမည့်အချိန် - နံနက် (၉း၃၀) နာရီ၊

ကျင်းပမည့်နေရာ - အမှတ် (၁၂၃)၊ ၃-လွှာ၊ ပါရမီလမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဦးရှင်ငြိမ်း
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

In the matter of the Myanmar Companies Law (2017)

**FOODTALK COMPANY LIMITED**

(In Members Voluntary Winding-up)

Notice of Special Resolutions pursuant to section 348

At the Special General Meeting of the Members of the Company held No. B/606, Yatanar Housing, Yatanar Road, (13) Quarter, South Okkalapa Township, Yangon Region, on 20th November 2019 the following, "Special Resolutions" were passed:

**Special Resolutions : -**

1. That the Company be voluntarily wound-up by the members with effect from 20th November 2019.

2. That Daw Me Me Kyaw, "Certified Public Accountants, Auditors and Financial Consultants, JF Group", be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company with the assistance of the members of the Company to such extent and for such period as may be necessary only for the beneficial winding-up thereof and is granted such other powers as may be deemed fit or proper and to final winding-up the Company in voluntarily.

3. That all persons claiming to be creditors of the above Company are, requested to submit details of their claims for review together with any strong documentary evidence in their possession, to the Liquidator at No.49/51, (7th Floor), 2nd Street, Lanmadaw Township, Yangon Region, before 20th December 2019.

U Aung Kyaw
Director
Foodtalk Co., Ltd

Me Me Kyaw
[B.Com, (Q), CPA]
Liquidator
Certified Public Accountant & Auditor

**WANG WANG SHOPPING COMPANY LIMITED**

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ အရ ဖျက်သိမ်းဆဲ **Wang Wang Shopping Company Limited** ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်ရာ အစုရှင်များသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်ရက် | - | ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်၊ |
| ကျင်းပမည့်အချိန် | - | နံနက် (၉:၃၀) နာရီ၊ |
| ကျင်းပမည့်နေရာ | - | အမှတ် (၁၈)၊ ၄-လွှာ၊ မာလာမြိုင် (၉) လမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

ဦးရှင်ငြိမ်း
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## EMPRESS JADE & GEMS CO., LTD

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **Empress Jade & Gems Co., Ltd** အား (၁၉. ၁၁. ၂၀၁၉) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ဦးကျော်ညွန့် မှတ်ပုံတင်စာရင်းကိုင်အမှတ် (၁၅၆)၊ အမှတ် ၂၆၉၊ အညာစုလမ်း၊ ၉ ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်မြို့အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို အစုရှယ်ယာရှင်များမှ သတ်မှတ်ထားသော (၂၃. ၁၂. ၂၀၁၉) ရက်ထက် နောက်မကျစေဘဲ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| U Law Woo @ Nyi Nyi | ဦးကျော်ညွန့် |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Empress Jade & Gems Co., Ltd | |

## GALAXY JADE & GEMS CO., LTD

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **Galaxy Jade & Gems Co., Ltd** အား (၁၉. ၁၁. ၂၀၁၉) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ဦးကျော်ညွန့် မှတ်ပုံတင်စာရင်းကိုင်အမှတ် (၁၅၆)၊ အမှတ် ၂၆၉၊ အညာစုလမ်း၊ ၉ ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်မြို့အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို အစုရှယ်ယာရှင်များမှ သတ်မှတ်ထားသော (၂၃. ၁၂. ၂၀၁၉) ရက်ထက် နောက်မကျစေဘဲ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| MYINT KO | ဦးကျော်ညွန့် |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| GALAXY JADE & GEMS CO., LTD | |

Pursuance of Section 357 of the Myanmar Companies Law 2017

## RTB TECHNOLAND MYANMAR CO., LTD

(Members Voluntary Winding up)
Invitation to Final General Meeting

Notice is hereby given that the Final General Meeting of the contributors and the creditors Meeting of **RTB Technoland Myanmar Co., Ltd** will be convened at Room (D-2), Building No. 157, 36th Street (Middle Block), Kyauktada Township, Yangon, Myanmar on 24.12.2019 at 10:00 am for the purpose of laying an account of the final winding up.

| | |
|---|---|
| Mr. Banphot Vatanasombut | Daw Ohnmar Khine |
| Managing Director | Liquidator |

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၁၉၀၀/၂၂-၁၁-၂၀၁၉။